# အဇ္ဈတ္တ ကိုယ်တွေ့ ရှုနည်း

၆၄

# အဋ္ဌုတ္တ ကိုယ်တွေ့ရှုနည်း

# ဝိပဿနာ

## ခေတ်ကမ္မဋ္ဌာန်း

ရေးသားသူ-

ဆရာ - ဦးစံညို

အမှတ် - ၁၆၅၊ နိဗ္ဗာန်လမ်း၊

အိုးလုပ်ရပ်-ထားဝယ်မြို့။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဥ္စဂုဏံ အဟံ ဝန္ဒာမိ

# နိဒါန်း

ဗုဒ္ဓံ-ဓမ္မံ-ပဒံနတွာ-ဓမ္မံ-သံဃဥ္စ ပူဇိတံ

(အနက်ကား) အဟံ၊ ငါ-ခန္ဓာကို စွဲကာမှည့်ခေါ် တပည့်တော်သည်၊ ဓမ္မပဒံ-ပဥ္စဒသစရဏာဟု ဓမ္မလေးနက် ခြေတော်စက် ရှိတော်မူထသော၊ ဝါ၊ မင်္ဂိုလ့်၊ နိဗ္ဗာန်၊ ကိုးတန် လောကုတ်၊ ဝိမုတ်ချမ်းသာ၊ မြိုက်ရသာကို၊ ကောင်းစွာတိုက်ကျွေး၊ ပေးတော်မူတတ်ထသော၊ ဗုဒ္ဓံ၊ ဗောဓိအောင်ခန်း၊ ပလ္လင်နန်း၌၊ ခွဲခြမ်းဖြာဖြာ၊ လေးသစ္စာကို၊ ကောင်းစွာထင်ထင်၊ သိမြင်တော် မူပြီးသော၊ မြတ်စွာ ဘုရား သခင်ကို။ နတွာ၊ နမာမိ၊ ဘယ၊ လာဘ၊ ကုလ မဘက် စေတနာ သက်သက် ရှိခိုးပါ၏။ နတွာ၊ ဘယ၊ လာဘ၊ ကုလ မဘက် စေတနာဖြင့် ရှိခိုးပြီး၍။ ပူဇိတံ၊ မြတ်စွာ ဘုရားသခင်သည်၊ ကြည်လင် မွေ့က်ဘော်၊ ပူဇော်အပ်တော်မူထသော။ ဓမ္မံ-ဓမ္မဥ္စ၊ မင်္ဂိုလ်နိဗ္ဗာန်၊ ဓမ္မကျွန်အပြား၊ ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း။ ပူဇိတံ၊ နိဗ္ဗာန် မင်္ဂိုလ်ရောက် လိုသူအပေါင်း သူတော်ကောင်းတို့သည်၊ ညွှတ်ပြောင်းမပြတ် ပူဇော်အပ်ထသော။ သံဃဥ္စ၊ မင်္ဂိုလ်လေးပါး၊ ရှစ်ပါးသော အရိယာ၊ မြတ်သံဃာနှင့်။ မေ၊ တပည့်တော်အား၊ ဝိပဿ ဘာဝနာ အဖြာဖြာကို။ ဂနသေချာ ပြသနည်းနာပေးသော သမုတိ သံဃာ အရှင်မြတ်တို့အား၊ နတွာ-နမာမိ၊ ဘယ၊ လာဘ၊ ကုလ မဘက်၊ စေတနာ သက်သက်ဖြင့် ရှိခိုးပါ၏။

# နိဒါန်း

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ၊
တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ၊
အဗ္ဘုဋ္ဌိတေ ယထာ။

(အနက်ကား) သူရိယေ၊ နေမင်းသည်။ အဗ္ဘုဋ္ဌိတေ၊ ရှေးရှု၍ ထွက်ပြူလာတက်လာသည်ရှိသော်။ မနုဿာ၊ ကမ္ဘာမြေပြင်ရှိကြကုန်သော လူအပေါင်းတို့သည်။ အာလောကံ၊ အရောင်အလင်းထွန်းပစွာ။ ဒက္ခန္တိ ယထာ၊ မြင်ကြရကုန်ဘိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ ယာဝ၊ အကြင်ရွေ့ အကြင်မျှလောက်။ သုတ္တန္တာ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သုတ် အဘိဓမ္မာတို့သည်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ယာဝ၊ အကြင်ရွေ့အကြင်မျှလောက်။ ဝိနယော၊ ဝိနည်းတရားတော်မြတ်သည်လည်း။ ဒိပ္ပတိ၊ ထွန်းလင်းတောက်ပ၍ပ၏။ တာဝ၊ ထိုသို့။ ဤမျှ၊ ဤရွေ့လောက်တည်ရှိသမျှ ကာလပတ်လုံး။ ဒေဝ မနုဿာ၊ နတ်လူဗြဟ္မာ အပေါင်းတို့သည်။ အာလောကံ၊ မြတ်စွာဘုရားရှင်၏ သာသနာတည်းဟူသောအလင်းရောင်ကို။ ဒက္ခန္တိ၊ မြင်ကြရကုန်၏။ (အဓိပ္ပါယ်သော်ကား) ပိဋကတ်သုံးပုံ တည်းဟူသော၊ အဋ္ဌကထာများ အစုံအလင် တည်ရှိပေသောကြောင့်၊ ကောင်းမှု ကုသိုလ်၊ မကောင်းမှု အကုသိုလ် အစုစုတို့ကို၊ ခွဲခြားဝေဘန်၍သိကြရကုန်၏။ ဥပမာ၊ နေမင်းသည် အရှေ့ လောကဓါတ်မှ ပြူထွက်လာသော် အလင်းရောင်ရ၍ အလုံးစုံမြင်ရဘိသကဲ့သို့၊ ထိုသို့ အလင်းရောင် ရရှိခိုက်၊ အမှုကိစ္စ အလုံးစုံကို ပြုလုပ်ကြဘိလို၊ မြတ်စွာဘုရား၏သာသနာတော် တည်းဟူသော၊ ဓမ္မခန္ဓာအပေါင်းရှစ်သောင်းလေးထောင်ထင်ရှားရှိနေခိုက်၊ သီလ၊ သမာဓိ၊ ပညာ တည်းဟူသော သမထကမ္မဋ္ဌာန်းမှစ၍၊ဝိပဿနာကမ္မဋ္ဌာန်းတို့၊ အားထုတ်ကြိုးစားသဖြင့် မဂ်ဖိုလ်ရရန် အကြောင်းသည်ကား၊ စာပေ ကျမ်းဂန် ပါဠိ အဋ္ဌကထာအဖြာဖြာတို့ရှိနေကြ၍၊သို့အတွက် ဤကဲ့သို့ အချက်မြင်တော်မူသော၊ ရှေးရှေး ရဟန္တာ အရှင်ကောင်း အရှင်မြတ်တို့သည်၊ သင်္ဂါယနာကို အကြိမ်ကြိမ် တင်တော်မူခြင်း ဆောင်ရွက်ခဲ့၍ ယခုတိုင်အောင် ဆက်လက်ပြီး စာပေ ကျမ်းဂန်ပို့ချတော်မူခြင်း၊ ကျမ်းဂန်အမျိုးမျိုးတို့မှ ကိုးကား၍ ရေးသားခြင်းရှိပေသည်။

# နိဒါန်း

(သို့ကြောင့် ပညာရှိတို့က လင်္ကာစီကုံး ရေးသားသည်မှာ) နေမင်း မပြောင်၊ မိုက်မှောင် တိတိ၊ ဖြစ်လေ ဘိသို့၊ မရှိ ကျမ်းဂန်၊ လမ်းမှန်မသိ၊ကြည့်ရှုမထင်၊ အစဉ်ဘာဝနာ၊ ဝိပဿနာကို၊ ပွားရာမသိ၊ ဖြစ်ကုန်ဘိလျက်၊ ဗိုလ်မဂ်နိဗ္ဗာန်၊ ဝေးကြောင်းမှန်သည်၊ ကျမ်းဂန်မရှိ ဖြစ်လေဘော်။ ။လူနတ်သတ္တဝါအပေါင်းတို့သည်၊ သုဂတိဘုံသို့ရရန် ခဲယဉ်းလျက်၊ အပါယ်ဘုံသို့သာ ကျရောက်လျက်။ အပါယ်လေးဘုံ၌ ကြိတ်ကြိတ်တိုးစည်ကားကြလေကုန်၏။ ယခုမူကား၊ မြတ်စွာဘုရားဖြစ်ပွင့်တော်မူသောကမ္ဘာ၊ သာသနာတော်မြတ်လဲ၊နေဝန်းလလို၊ထွန်းလင်းနိုက်၍၊ ဦးပဥ္စင်း တပါးက ဝိပဿနာ ရှုနည်း ပွားများပါရန် ဆွေမျိုးတော်စပ်သူတို့အား၊ မြတ်စွာဘုရား ဆုံးမတော်မူသော နည်းမှု အရ၊ ကျမ်းဂန်အကိုးအကားနှင့် ရေးသားရန် မိန့်ကြားတောင်းဆိုချက်အရ၊ မြတ်စွာဘုရားသာသနာ၏ ကြီးပွားထွန်းကား စည်ပင် ပြန့်ပွားရေးကို အာသီသရှေ့ထားပြီး၊ဝိပဿနာအဖွဲ့ဗွာကိုယ်တွေ့ရှုနည်းဓါတ်ကမ္မဋ္ဌာန်း ရေးသားအံ့ပါသတည်း။

ဓမ္မဝါဒီ-ယောဂီ။

# ဝိပဿနာအကြောင်း

(အခန်း—၁)

၁။ ဝိပဿနာ ဆိုသည်ကား၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ သွားရာမဂ္ဂေါ်အကြောင်းဖြစ်၏။ထိုကဲ့သို့ မြတ်စွာဘုရားနှင့်တကွပစ္စေက ဗုဒ္ဓါရဟန္တာတို့၏ နိဗ္ဗာန်တည်းဟူသော သန္တိသုခသို့ သွားရာလမ်းမှာ ကား၊ မဂ္ဂင်ရှစ်ပါး ခရီးလမ်းစဉ်ဖြစ်ပေ၏။ ထိုလမ်းကိုရှောက်သွားလိုသူ နိဗ္ဗာန်ချမ်းသာကို ရလိုသော ယုတ်မြတ် မရွေး လူနတ် အပေါင်းတို့မှာ ကား၊ သီလ-သမာဓိ-ပညာတည်းဟူသောလက်နက်သုံးပါးကို ကိုင်ဆွဲ၍ သီလ၌။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ လက်နက် သုံးပါး။ သမာဓိ၌၊ သမ္မာဝါယမ။ သမ္မာသတိ၊ သမ္မာ သမ္မာဓိ သုံးပါး၊ ပေါင်း ခြောက်ပါး။ (ဤနေရာ၌ ရှင်းပြချက်မှာ) သမာဓိ စခန်း၊ သမထဒေသ ဆယ်၌၊ တခုခုသော ကမ္မဋ္ဌာန်းကို မိမိအာရုံထဲ၌ စွဲမြဲရအောင် အလွန် အားစိုက်မှု၊ ကြိုးပမ်းမှု၌ ကာယကံ၊ဝစီကံမှစ၍၊ အာဟာရဘောဇဉ်ပါ သန့်ရှင်းစွာကိုသာ စားသုံးမှီဝဲနေလျက်။ လုံခြုံသော ကာယကံ၊ ဝစီကံ၊ အာဟာရဘောဇဉ် တည်းဟူသော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ မဂ္ဂင် သုံးပါး အကြိုးဝင် ပါနေသောကြောင့် သမထ တည်းဟူ သော သမာဓိ တည်ထောင်မှု ကမ္မဋ္ဌာန်းတရားကို ရှုမှတ် ပွားများသော ယောဂီပုဂ္ဂိုလ်၌ မဂ္ဂင်ခြောက်ပါးရသည်ဟူ၍ ရေတွက်ရပါ၏။ သီလနှင့် သမာဓိ၌ မဂ္ဂင် ခြောက်ပါးကို ပြဆိုပြီး၍၊ ပညာစခန်းကို ပြဆို ရမည်။ ပညာတည်းဟူသော လက်နက်ကို အာရုံပြုရှုမှတ်သော ယောဂီပုဂ္ဂိုလ် မှာကား မြတ်စွာဘုရားရှင်သည်၊လေးသင်္ချေနှင့်ကမ္ဘာတသိန်း တိုင်တိုင် ပါရမီ ဖြည့်ကျင့်၍၊ ရှာမှီးရသော ပညတ်မပါ၊ ပညတ် မဘက်၊ ပရမတ် သက်သက်၊ အရောင်- အဆင်း- သဏ္ဌာန်- ပုံ မရှိ၊ သဘာဝ သဘော တရား သက်သက်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကွင်းကွင်း ကွက်ကွက် လက်ဝါးပေါ်မှာ တင်၍ ကြည့်ရှုဘိ သကဲ့သို့ မြင်တော်မူပြီးမှ၊ သမုဒယ- ဒုက္ခ၊နိရောဓ-မဂ္ဂ သစ္စာတည်းဟူသောသစ္စာလေးပါး တရားတော်ကို မြင်စေခြင်းငှါ၊ မြတ်စွာဘုရားရှင်သည် သမ္မာဒိဋ္ဌိ အမြင်မှန်၊ အသိမှန်ကို

ရစေရန်၊ သဘာဝ သဘောတရား ဖြစ်သော၊ ရုပ်-နာမ် တရားကို သမ္မာ သက်ပ္ပ သမ္မာဒိဋ္ဌိ ဟူသော မဂ္ဂင်နှစ်ပါး ပညာစခန်း ထိုးထွင်း၍၊ သိစေ ရန် အဘိဓမ္မာ ဒေသနာဖြင့် ဟောကြား ဆုမ္မသည်။ ဥပနိသျှ နည်းနာ ကျကျ ယထာဘူတ မှန်ကန်စွာ ဒေသနာ အရ၊ ရုပ်-နာမ် နှစ်ဝ ကို ရမိ မှတ်မိအောင်၊ အားထုတ် ကြိုးစည်ခြင်း၊ သမ္မာသက်ပ္ပ-မဂ္ဂင်၊ ရုပ်-နာမ် တရား နှစ်ပါးကို၊ စိတ်ထဲ-ဉာဏ်ထဲ၌၊ သဘာဝ သဘော တရားကို မြင် လာ ထင်လာသည်၊ ငါ - လူ - နတ် အမှတ် သညာ၊ ပညတ် အမှတ်၊ သမုတိသစ္စာ ကွယ်ပျောက်၍၊ အမြင်မှန်အသိမှန် ရုပ်-နာမ်ကို ထိုးထွင်း ၍ သိရှိရသော၊ သမ္မာဒိဋ္ဌိ-မဂ္ဂင် တရားကို တွေ့ရှိပါက၊ ဆိုကဲ့ ပြီးသော ကာယကံမှု လုံခြုံသော သီလတွင် မဂ် သုံးပါး သမာဓိ ဟူသော ကမ္မ ဋ္ဌာန်းလေးဆယ်၌၊ တပါးပါး ရှုမှတ် အားထုတ်မှု၊ မဂ္ဂင် သုံးပါး ပေါင်း သီလ၌သုံးပါး၊ သမာဓိ၌သုံးပါး၊ ပညာ၌နှစ်ပါး၊ ပေါင်း ရှစ်ပါး၊ မဂ္ဂင် ပြည့်စုံက သံသရာတည်း ဝဋ်ဆင်းရဲမှ လွတ်မြောက်ထွက်ခွါ၍၊ သွားကြ ကုန်သော အရိယာ သူတော်ကောင်း၊ ဘုရား - ပစ္စေကဗုဒ္ဓါ - ရဟန္တာ အရှင် သူတော် သူမြတ်တို့၏လမ်း၊ မဂ္ဂင်ရှစ်ပါး ခရီးဖြစ်တော့၏။

၂။ ဤမဂ္ဂင်ရှစ်ပါး တရားသည်၊ ဓမ္မခန္ဓာ အပေါင်း ရှစ်သောင်း လေးထောင်မှ လာကြောင်းကို သိသာရန်မှာ၊ ထို ဓမ္မာ ခန္ဓာ အပေါင်း ရှစ်သောင်း လေးထောင်ကို၊ ကျဉ်း ချုံးသည် ရှိက၊ သုတ် သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ အဘိဓမ္မာ အားဖြင့်၊ ခုနှစ်ကျမ်း ဖြစ်ပါသည်။ ထိုထို သုတ် သုံးကျမ်း၊ ဝိနည်း ငါးကျမ်းကို အကျဉ်းချုံးပါက၊ ဗောဓိ ပက္ခိယ တရား သုံးဆယ် ခုနှစ်ပါးသာ ရပါသည်။ ဤဗောဓိ ပက္ခိယ တရား သုံး ဆယ်ခုနှစ်ပါးကို အကျဉ်းချုံးပါက၊ မဂ္ဂင်ရှစ်ပါးသာရပါသည်။ ဤမဂ္ဂင် ရှစ်ပါး တရားကို အကျဉ်းချုံးပါက၊ သီလ - သမာဓိ - ပညာ သုံးပါးသို့ ဆိုက်ပါသည်။ ဤသီလ - သမာဓိ - ပညာ သုံးပါးမှာလည်း၊ ပညာသိ ပညာမြင်သာ အရေးကြီး၍၊ ပညာသိ - ပညာမြင် အခြေစခန်း ဆိုက် ရောက်က ဝိမုတ္တိ ရသာတပါးသာ ဖြစ်၍၊ နိဗ္ဗာန်ကို ရလိုသော ယောဂီ မှန်သမျှ ယုတ်ညံ့ မရွေး ပညာ စခန်း တည်းဟူသော သမ္မာသက်ပ္ပနှင့် သမ္မာဒိဋ္ဌိ ရုပ်-နာမ် တရားနှစ်ပါးကို ရှေးဦးစွာ သိရှိရပါက၊ အပါယ်မှ

အပါယ် ပဋိသန္ဓေမှ လွတ်မြောက်၍၊ ဒုတိယ တဆင့် ဝိပဿနာတည်း၊ အနိစ္စ - အနိစ္စ လက္ခဏာ၊ အနိစ္စ ဝိပဿနာ၊ ဒုက္ခ - ဒုက္ခ လက္ခဏာ ဒုက္ခ ဝိပဿနာ၊ အနတ္တ-အနတ္တ လက္ခဏာ၊ အနတ္တ ဝိပဿနာဖြင့် မဂ် ဖိုလ် တည်းဟူသော၊သောတပတ္တိမဂ်မှစပြီး ရဟန္တာသို့ ရောက်နိုင်ပေပြီ။ ဤအချက်၌သဒ္ဓါ ရုံကြည်ခြင်း၊ သတိ တည်ကြည်ခြင်း၊ ဝိရိယငါ်အပါယ်မှ လွတ်၍၊ နိဗ္ဗာန် ချမ်းသာကိုရမှ ဘဝ တည်းဟူသော ကိလေသာဝဋ္ဋ စီးပွား ရှာမှု၊ သားကျွေးမှုက လွတ်မြောက်ရန် ဝိရိယမျိုး၊ ကမ္မဝဋ္ဋ လူ နတ်-ဗြဟ္မာအဖြစ် ကိလေသာဝဋ္ဋ တွယ်တာ နှစ်သက်သော လောဘ တဏှာ၊ အဝိဇ္ဇာ- သမုဒယ သစ္စာမှ ကျွတ်လွတ်လိုမှု၊ သမာဓိ ခိုင်ခန့် မြဲ မြန်သော သတိ တရား၊ ပညာ - ဤတရားကား မှား၏၊ ဤတရားကား မှန်၏ဟူ၍၊ မြတ်စွာဘုရား ဟောကြားသော ဒေသနာ အရနှင့် သိမြင် ခြင်း၊ ပညာတည်းဟူသော ဗောဓိပက္ခိယ တရား၊ မိုလ်ငါးပါးနှင့် လက် ကိုင်ပြု၍၊ သုံးသတ်ရှုမှတ် ပွားများပါက၊ ဥပနိဿ နည်းကောင်းနည်းမှန် လမ်းမှန် ရပါမူ၊ ယခုဘဝ နိဗ္ဗာန်ကို မရစေကာမူ၊ ပဌမအဆင့် အပါယ် ဘေး၊အပါယ်မွေမှလွတ်၍၊ သက်သာရာရမည်ဖြစ်၍၊ လိုလား၍တောင်း ပန်သော ဦးပဥ္စင်း၏ ဆန္ဒကို ပြည့်ဝ စေရန်၊ သာသနာ၏ စည်ကား ပြန့်ပွား တိုးတက်၍၊ အလိုရှိသူ ယောဂီ ပုဂ္ဂိုလ်လည်း၊ သံသရာဘေးမှ ကျွတ်စေ လိုသော မနော - မနသိကာရဖြင့်၊ ဝိပဿနာ၏ လုပ် လမ်း ကျင့်နည်း၊ ကျေးဇူးရှင် ဆရာ အရှင်သူမြတ်တို့ ဆုမ္မတော် မူသော၊ ပရိ ယတ္တိဒေသနာ ကျမ်းဂန်အရ၊ ညွှန်ကြားရေးသား လိုက်ပါသည်။

၃။ ယခုအခဏ်း၌ ဝိပဿနာ၏ အကြောင်း ကိုသာ ရေးဦး ပြဆို ပါမည်။ ဝိပဿနာ ဆိုသည်ကား၊ မဟာဋီကာမှ လာသော ပါဠိတော် ပညတ္တိ ထပေတွာ၊ နိဗ္ဗတ္တိတ၊ ပရမတ္ထဝသေန၊ ဝိဝိစာဝ ါ ပဿတိတိ ဝိပဿနာဟူ၍ မိန့်ဆိုတော်မူ၏။ (**အနက်ကား**) ပညတ္တိ ထပေတွာ၊ သမူဟ-အပေါင်းအစု။ဃန-အစိုင်အခဲအတုံးအတစ်။သန္တတိ-သဏ္ဌာန် တဆက်ထဲ-တတန်းထဲ၊ သန္တာန-ပုံသဏ္ဌာန် အကြီး အငယ် အတို အ ရှည်၊ အနိမ့်အမြင့်။ နာမ-အမည်။တောတောင်၊ရေ-မြေ။လူ-နတ်-ကျား မဟူ အများပကတိ မျက်စိဖြင့် မြင်၍၊ ခေါ်ဝေါ် သုံးစွဲကြသော။ သမုတိ

သစ္စာနှင့် သက်သက်မဆိုင်၊ ကျော်လွန်၍သွားသော၊ နိဗ္ဗတ္တိတ-ပရမတ္တ ဝသေန၊ စိတ် ပရမတ်-စေတသိတ် ပရမတ်၊ ရုပ် ပရမတ်-ဆတ်ဆတ်ကို ထိမိအောင်အာရုံပြုနိုင်ခြင်းဖြင့်။ဝိသေသန၊ပဿတိ၊အနိစ္စ၊ဒုက္ခ၊အနတ္တ ထင်မြင် စူးရောက်သော ဝိဝိစာဝါပဿတိ၊ဉာဏ်စဉ် (၁၀) ပါး (၁၆) ပါး၊ ပရိညာ သုံးပါး၊ ဝိသုဒ္ဓိ ခုနစ်ပါး၊ ဗောဓိပက္ခိယ တရား သုံးဆယ် ခုနစ်ပါး ဆိုက်ရောက် စေခြင်းငှါ၊ ဉာဏ်ဖြင့် သိမ်းမိုက်၍၊ မဂ် လေးပါး အမှန် ဖိုလ်လေးတန်ဖြင့်၊ နိဗ္ဗာန် တရားတော် မြတ်ကြီးကို ဆတ်ဆတ် ကေန် အမှန် ပရမတ္တတရားကို အာရုံ ပြုနိုင်ခြင်းကို ဆို၏။ (ဤကားသိ လောက်ပြီဟု အမိပ္ပါယ် မဘော်ပြပါ)။

(၁) ပါဠိတော်....ဝိဝိခံ အနိစ္စာ ဒိကံ သင်္ခါရေသု ပဿတိ ဝိပဿနာ (**အနက်ကား**) သင်္ခါရေ ကာံ- စိတ်- ဥတု အာဟာရ အကြောင်း တရားတို့သည်၊ အစဉ်မပြတ် ပြု ပြင် နေရအပ်သော ရုပ်-နာမ် တရား နှစ်ပါး တို့သည်၊ ဝိဝိခံ အထူးထူး အပြားပြားသော အနိစ္စာ ဒိကံ အမြဲ မပြတ် ပျက်စီး နေသော အနိစ္စ စသည်တို့ကို ပဿတိ မိမိ ကိုယ်၌ တွေ့ရသည်ကို ဉာဏ် ပညာဖြင့် ကြည့်ရှု၍ မြင်၏။ ဣတိတသမာထို့ကြောင့် ဝိပဿနာ-ဝိပဿနာ မည်၏။

(အမိပ္ပါယ် သော်ကား) သင်္ခါရ အားဖြင့်၊ ပြုပြင် ခြင်းကို ခံကြရကုန်သော သင္ခတဝါ အပေါင်း တို့သည်၊ ကံ-စိတ်-ဥတု-အာဟာရ တရား လေးပါး ထောက်ပံ့မှု သည်ကား၊ အမြဲမပြတ် ပျက်စီး ဖြစ်ပေါ် ချုပ်ပျောက် လျက်ရှိသော ရုပ်-နာမ် တရား နှစ်ပါးကို ရှုမှတ်သူ ယော ဂီပုဂ္ဂိုလ်၏ ဉာဏ်ဝတွင် မမြဲသော အနိစ္စ၏ သဘော လက္ခဏာသည်၊ မိမိခန္ဓာကိုယ်၌ မြင်သော အခြင်းအရာ သည်၊ ဝိပဿနာမည်၏ ဟူ၍ဆိုသည်။

(၈) ပါဠိတော်.... အနိစ္စာဒိ အာ ကာ ရ ဏေ န - ပဿတိ ဝိပဿနာဟူ၍မိန့်ဆို၏။ (**အနက်ကား**) ဝိပဿနာနိ

ဝိပဿနာ ဟူသော ပညာ အလုပ် စခန်း သည်ကား၊ အနိစ္စာဒိ ရုပ် - နာမ် နှစ်ပါး အပေါ်၌၊ မမြဲသော ဥပါဒ် - အစ ဘင် - အဆုံး ချုပ်ပျောက် မှုကို အာကာ ရဏေန ပိုင်းခြား၍၊ ပဿတိရှုမှတ်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ပဿတိ ရှုမြင်မှသာလျှင်၊ ဝိပဿနာမည်၏။ (အဓိပ္ပါယ်ကား) ယောဂီ ပုဂ္ဂိုလ်သည်၊ ဝိပဿနာ ဘာဝနာကို ရှုမှတ်ရာ၌၊ မိမိခန္ဓာ အတွင်း၌ ရုပ် - နာမ် နှစ်ပါး၏ သဘာဝ သဘောတရား အတိုင်း ဖြစ်မှု အစ ဥပါဒ် ပျက်ဆုံး ချုပ်ကွယ်သွားမှု ဘင်၏ အစွန်းကို၊ မိမိ ကိုယ် သိနေခြင်း အားဖြင့် မမြဲသော သဘော အနိစ္စကို တွေ့မှ သာလျှင်၊ ဝိပဿနာ ဖြစ်နိုင်သည်ဟု သိရာ၏။

၄။ သို့ဖြစ်၍၊ ဝိပဿနာ-ဘာဝနာကို ရှုမှတ် အရေး ကြီးသော အချက်ကား၊ ရှေးဦး ရုပ်-တရားကို သိရန် အလိုရှိပေ သောကြောင့် ခန္ဓဝိဘင်း ပါဠိတော်၌ ဟောတော် မူသော ပါဠိတော်ကား၊ စတ္တာရောစ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ ဟူ၍၊ မိန့် ဆိုတော်မူ၏။

**(အနက်ကား)** စတ္တာရော ပထဝီ- တေဇော- အာပေါ-ဝါယော တည်းဟူသော ဓါတ်ကြီး လေးပါးသည်၊ မဟာဘူတာ - မဟာဘုတ် ဟူသော ရုပ်ကြီး လေးပါးဟူ၍ ခေါ်ဆို၏။ ဥပါဒါယ ရူပံ ကျန်ရှိသော ရုပ် နှစ်ဆယ်လေးပါး တို့သည်။ စတုန္နဉ္စ-မဟာဘူတာနံ ထို ပထဝီ တေဇော-အာပေါ-ဝါယော တည်းဟူသော ဘူတ ရုပ် ဓါတ်ကြီး လေးပါး ကို အမှီသဟဲပြု၍၊ ဖြစ်ပေါ်လာသော ဝါ-ဖြစ်ပေါ် နိုင်သော ရုပ်-ဟူ၍ ခေါ်ဆိုရ၏။

**(အဓိပ္ပါယ်ကား)** မ ဟာ ဘူ တ ရုပ် ဟု ခေါ် သော ဓါတ်ကြီး လေးပါးသည်၊ အရင်းမူလသဘာဝ ရုပ်-ဖြစ်၍၊ ကျန်နှစ်ဆယ့်လေးပါး သည် ပထဝီ-တေဇော-အာပေါ-ဝါယော ဟူသော ဓါတ်ကြီးလေးပါး၊ သဘာဝ ရုပ်ကိုအမှီရမှဖြစ်နိုင်သော ဖြစ်လာသော ရုပ်ဟူ၍မှတ်ယူရာ၏။ အဘယ်ကြောင့် ပထဝီ- တေဇော- အာပေါ- ဝါယော တည်းဟူသော

ဓါတ်ကြီးလေးပါးကို မဟာဘုတ်ဟူ၍ခေါ်ခြင်းမှာကား၊ အသက်ရှိသော သတ္တဝါ၊ သဝိညာဏက အသက်မရှိသော တော-တောင်-သမုဒ္ဒရာ-ရေ မြေအစရှိသော ပကတိလူတို့မြင်မြင်သမျှအထည်ဝတ္ထု အဝိညာဏကတို့ သည် လည်းကောင်း၊ ထိုထို ပထဝီ-တေဇော-အာပေါ-ဝါယော တည်း ဟူသော၊ မဟာ၊ ကြီးသော၊ ဘုတ် အဖွဲ့အစည်းအစုအပေါင်းမျှသာဖြစ်၍၊ လူ-နတ်-ဗြဟ္မာ-သတ္တဝါမကြွင်း တော-တောင်-ရေ-မြေ-မြစ်-ပင်လယ် သစ်ပင်- အထည် ဝတ္ထုတို့သည်ကား ပထဝီ - တေဇော - အာပေါ- ဝါ ယော ဓါတ်ကြီးလေးပါးအပေါင်းအစု အဖွဲ့အစည်းမျှသာဖြစ်၍၊ ပကတိ လူတို့မျက်စေ့ဖြင့်လူ ကျား မ - တိရစ္ဆာန်-သတ္တဝါ ဟူသော သမ္မုတိ၊ အ ပေါင်းအစု။ ဃန၊ အတုံး-အခဲ။ သန္တာန။ ပုံသဏ္ဍာန် အမျိုးမျိုး။ သန္တတိ၊ တစင်တည်း-တစပ်တည်း- တဆက်ထည်း မြင်ရမှု၊ မြင်နေမှုကား၊ ဓါတ် ကြီးလေးပါး။ ပထဝီမာကြောမှု။ တေဇောပူ-အေးမှု။ အာပေါ-ဖွဲ့စည်း-ယိုစီးမှု။ ဝါယော-ထောက်ကန် လှုပ်ရှားမှု၊ ၍ဓါတ်ကြီးလေးပါး ပေါင်းစုဖွဲ့စည်း စုပေါင်းနေမှုကိုသာ မြင်နေကြရခြင်းကား၊ အမှန်စင်စစ် ဓါတ်ကြီးလေး ပါး ပေါင်းစုဖွဲ့စည်းနေသော ဓါတ်တုံး-ဓါတ်ခဲ-ဓါတ်ကောင်-ဓါတ်တုံး ကြီးသည် သာလျှင် အစ မူလဖြစ်၍၊ ပကတိမျက်စေ့အမြင် အတုံး-အခဲ အကောင်- ကျား-မ-မြင်စေ ကာမူ၊ ဉာဏ်မျက်၌၊ ပထဝီဓါတ် မာမှုကို အာပေါဓါတ်ဖွဲ့စည်းထားလျက်၊ ဝါယောဓါတ်ထောက်ကန်မှု။ တေဇော ဓါတ်ပူ-အေးမျှသါ၊ ပရမတ်ဓါတ်သားဓါတ်နှစ်ကို၊ ဉါဏ်မျက်စေ့ဖြင့်ရှာရာ ၏။ (သို့ကြောင့်မြတ်စွာဘုရားသည်၊ ပကတိမျက်စေ့အမြင်၊ အတုံး-အခဲ သဏ္ဍာန်။ ပညတ်မြင်သည်ကား၊ ဝိညာဏ်မြင်ဖြစ်၍၊ ပညာသိ-ပညာမြင်၊ ဝိပဿနာ အမြင်၊ ပရမတ်ကို ဆိုက်အောင်၊ သံသရာမှ လွတ်မြောက် စေရန်၊ လူ-နတ်-ဗြဟ္မာ-သတ္တဝါအပေါင်းတို့အား၊ ဝိပဿနာဘာဝနာ ပွားများ ရှုမှတ်စေရန်၊ သားတော်ရာဟုလာ၊ ညီတော်အနန္ဒာ၊ မေဃိယ ရဟန်း၊ ပဉ္စဝဂ္ဂီမင်းတို့အား ဟောကြား ဆုမ္မနည်း ဥပနိသျှကို ပေး တော်မူပေသည်။

၅။ သံယုတ်ပါဠိတော်.... (ပါဠိကား) ကထံနုခေါ ဘန္တေ-ဇာန တော၊ ပဿတော၊ မိစ္ဆာ- ဒိဋ္ဌိ - ပဟီယတိ (**အနက်ကား**) ဘန္တေ၊ ဘုန်းတော် ကြီးလှသော အရှင်ဘုရား။ ကထံနုခေါ၊ အဘယ် တရားကို

ရှုမှတ် ပွားများမှသာလျှင်၊ ဇာနတော၊ ကိုယ်တွေ့သိသော ပုဂ္ဂိုလ်အား ကထံ၊ အဘယ်သို့။ ပဿတော-ကိုယ်တွေ့၌၊ဥာဏ်နှင့်မြင်သော ပုဂ္ဂိုလ် သည်၊မိစ္ဆာဒိဋ္ဌိနှင့်မောဟ၊ အဝိဇ္ဇာ-သက္ကာယ ဝိ ကွ-ဝိစိကိစ္ဆာ တရား ဆိုးကြီး၏ ပြုတ်ရန်၊ ပဟီယတိ-ပယ်သတ် ပျာချရပါ မည်နည်း ဟူ၍၊ လျှောက်ထား လေ၏။

(**အဓိပ္ပါယ်ကား**) ဘုန်းတော် အလွန် ကြီးလှ ပေသော အရှင် မြတ် ဘုရား။ ဘုရား တပည့်တော်၏ စွဲမှီလျက် ရှိသော တရားဆိုး၊ တရားမိုက်၊ မိစ္ဆာဒိဋ္ဌိ အယူမှား၊ အမြင်မှားခြင်း။ မောဟ-မသိ-မမြင်၊ အကန်းကဲ့သို့၊ သက္ကာယ - ငါ့ကိုယ်ဘဲ၊ ကျားဘဲ၊ မဘဲ၊ လူဘဲ၊ မှတ် ခြင်း။ အဝိဇ္ဇာ - မှုံးလွှမ်း ကွယ်ကာ၊ မသိမလိမ္မာခြင်း။ ဝိစိကိစ္ဆာ သို လော - သိုလော တွေးတော ယုံမှားခြင်း များကို၊ ထွင်းဖေါက်လျက်၊ ဇာနတော-ကိုယ်တွေ့သိရခြင်းကို။ပဿတော-ဥာဏ်နှင့်မြင်စေခြင်းငှာ၊ အဘယ်တရားတော်ကို ရှုမှတ်ပွားများရပါမည်နည်းဟုလျှောက်ထားရာ မြတ်စွာဘုရားသည်။ သံယုတ်ပါဠိတော် ရာဟုလောဝါဒ သုတ်၌ ဟော ကြားဆုမ္မ ဝိပဿနာ ရှုနည်းကို ပေးသနားတော်မူသည်မှာ၊ ပါဠိတော် ပထဝိဓါတုံခေါ ရာဟုလ-အနိစ္စတော-ဇာနတော-ပဿတော၊ မိစ္ဆာ ဒိဋ္ဌိပဟီယတိ ဟူ၍ ဟောကြားဆုမ္မ၊ ဝိပဿနာ နည်းကို ပေးတော်မူ လေ၏။

(**အနက်ကား**) ရာဟုလ-ချစ်သားရာဟုလာ၊ပထဝိဓါတုံ တောင့် တင်းခိုင်မာသော၊ပထဝီဓါတ်၏သဘောသဘာဝကို အနိစ္စတော ဥဒါဒ်ိ နှင့်ဘင်-မမြဲသော သဘော အခြင်းအရာကို။ ဇာနတော-မိမိခန္ဓာကိုယ် တွင်း၌ တွေ့သိသော ပုဂ္ဂိုလ်သည်။ ပဿတော-ကိုယ်တွေ့မှာ ဥာဏ်နှင့် မြင်သော ပုဂ္ဂိုလ်သည်၊ မိစ္ဆာဒိဋ္ဌိကြီးနှင့် မောဟ- အဝိဇ္ဇာ-သက္ကာယ- ဝိစိကိစ္ဆာ-အမြစ်မကြီး တို့ကို ပဟီယတိ - ပယ်သတ် ဖျက်ဆီး ပျာချနိုင် တော့၏ ဟူ၍ ဆုမ္မနည်း ပေးတော်မူ၏။ သို့ကြောင့် ယောဂီ ပုဂ္ဂိုလ်တို့ သည်၊ ဓါတ်ကြီး လေးပါး၌၊ ဓါတ်တလုံးကို သေချာစွာ မိမိကိုယ်တွေ့ သိရှိရန်၊ ဓါတ် တပါးပါးကို၊ အမိအရ သဘော သဘာဝ ကို၊ မိမိကိုယ် တွင်း၌ ရှာဖွေရှုမှတ်ရန် အရေးကြီးကြောင်းကို သိလိုကြောင်း၊ ထင်ရှား ပေ၏။ အဘယ်ကြောင့် ဝိပဿနာ ဘာဝနာ ပွားများ ရပါ သနည်းဟူ

မူကား။ ပါရမီအလွန်ရင့်သန်ကြီးမားလှသော မြတ်စွာဘုရား၏ လက်ျာ တော်ရံ အရှင်သာရိ ပုတြာ မထေရ်ကား (၁၅) ရက်၊ လက်ဝဲတော်ရံ အရှင်မောဂ္ဂလ္လာန်ကား (၇) ရက်စီ အားထုတ် ရသည်၊ သို့သော် - သဖြင့် ယခုအားထုတ်မည့် ယောဂီပုဂ္ဂိုလ်များမှာ ထိုထို အရှင် မထေရ်ကြီးများ ထက်ပိုပြီး ဝိရိယစိုက်၍ အားထုတ်ရမည်ဟူ၍ သဘောထားရာ၏။ မိမိ တို့၏ ကိုယ်ခန္ဓာအတွင်းစိတ်၌ ကမ္မာပေါင်းများစွာက ပြုလုပ် လှူဒါန်း ခြင်း။ ဒါန-ကုသိုလ် သီလကုသိုလ် သည်ကား၊ ဝိပဿနာ ဘာဝနာနှင့် ကင်း၍၊နဲ၍ အမျိုးအရိုး မိရိုးဖလာ သီလမျိုး၊ ဒါနမျိုး၊ ဘာဝနာမျိုးအ ကျိုး အနည်းငယ်သည်၊ အားနဲ၍ ဝိပဿနာဉာဏ် မပါ၍ဘဝ အဆက် ဆက် လူ-နတ်-ဗြဟ္မာ- သူဌေး- သူကြွယ်၊ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသု ရကာယ်ဘဝ ပေါင်းများစွာ ကိလေသာဝဋ်၊ကမ္မဝဋ်၊ဝိပါကဝဋ် တည်း ဟူသော ဝဋ်သုံးပါးမှ မကျွတ်နိုင် မလွတ်နိုင်ဘဲ၊ ယခုလူ့ဘဝ-လူ့ခန္ဓာ ကို ရမှုအတွက်၊ ပဋိသန္ဓေနေမှု-ဒုက္ခ။အိုမှု-ဒုက္ခ။နာမှု-ဒုက္ခ။သေမှု-ဒုက္ခ။ လက်နက်ကြီးတွေ အမြဲပါလျက်၊ လူ့ဘဝ လူ့ခန္ဓာရမှု အတွက်၊ သား- မယား-သို့ ရေးဒုက္ခ။ လုပ်ကျွေးမွေးမြူ ရှာကြံရခြင်းဒုက္ခ။ ကျန်းမာရေး- ပညာရရေးဒုက္ခ။ ကိုယ်၏ပင်ပန်းစွာ လုပ်ကိုင်ရခြင်းဒုက္ခ၊ စိတ်၏ မချမ်း သာခြင်း၊ အလိုမပြည့်ခြင်း၊ စိတ်၏ဒုက္ခ၊ ဆွေမျိုး သားချင်း - ဉာတိ တော်စပ်သူအတွက် သောကပရိဒေဝ ဒုက္ခတို့သည် နေ့ညမစဲ လူ့ဘဝ - လူ့ခန္ဓာ ရမှုတွင် အမြဲထက်ကြပ် မကွာ၊ အတူ ပါလေ၍ ရှေးရှေးသော ဘုရားတို့ ဖြစ်ပွင့်သည့် အခါ၊ လူ-နတ် (၂၄) သင်္ချေ ကုဋေ (၆၀) မိလ် ခြောက်သိန်း ကျွတ်တန်းဝင်ရာ၊ ယနေ့ယခုဘဝတိုင်ကျန်နေရ သည်ကား၊ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုမှာ မိရိုးဖလာ ရိုးရိုးသီလ ဒါန ဘာဝနာမှု၊ ကုသိုလ်တို့၌၊ ဝိပဿနာကင်းမှု၊ မပါမှုအတွက်နှင့် လူ့ခန္ဓာ၊နတ်-ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ကို ရစေကာမူ၊ ကျွတ်နိုင်-မလွတ်နိုင်ဘဲ၊သံသရာ၌သာကျင် လည်မြောပါး၍ ခံနေရမည်အကြောင်းကို၊အောက်ပါခဇ္ဇနီယဝိဘင်း ပါဠိတော်၌၊ ပါဠိတော်-ဒုက္ခိတာ ပုညတေဇေန-ကာမရူပ-ဂတိံ ကတာ ဘဝဂ္ဂ န္တမ္ပိ သမ္ပတ္တာပုန အာဂ ဆန္တိ ဒုဂ္ဂတိံ ဟူ၍ဟောကြားတော်မူပေ၏။

(အနက်ကား) ပုညတေဇေန၊ရှေးရှေးဘဝ ပေါင်းများစွာကပြုလုပ် ခဲ့သော ဒါန-သီလ-ဘာဝနာ ရိုးရိုး မိရိုးဖလာ ဝိပဿနာ-ဉာဏ်မပါ

သော အကျိုး ကုသိုလ်ကံ၏ ဒုက္ခိတ္တာ အကြောင်းအရင်း ထောက်ပံ့မှု အကျိုး၊ တရားအဟုန်တို့သည် မြောက်တင် ပင့်ကော်၍၊ ယခုဘဝ လူ ချမ်းသာ၊နတ်ချမ်းသာ၊ဗြဟ္မာဘဝ၊ ဗြဟ္မာချမ်းသာနှင့်တကွ၊ ကာမရူပ ဂတိ၊သုဂတိဘုံဟုဆိုအပ်သော သုဒ္ဓါဝါသဘုံမှ တပါးသော်ရူပါဝစရ၊ ဗြဟ္မာဘုံသို့ဂတာရောက်ကြကုန်သောပုထုဇဉ် လူ-နတ်-သိကြား ဗြဟ္မာ အပေါင်းတို့သည်၊ဘဝဂ္ဂန္တမှီအထက်ဘဝဂ်သို့ သမ္မတ္တာပိရောက်ကြကုန် သော်လည်း၊ ပုန၊ တဖန်ဒုဂ္ဂတိ၊ အပါယ်လေးရပ်၊ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာအသူယကာယ်တို့၏ဘုံသို့ အာဂစ္ဆန္တိ ခေါင်းစိုက်၍ပြန်ဆင်းရလေ ကုန်၏။

( **အဓိပ္ပါယ်ကား** ) ယခု လူ့ဘဝ - လူခန္ဓာ - နတ်ခန္ဓာ - သိကြား ဘဝ -သိကြားခန္ဓာ-ဗြဟ္မာဘဝ ဗြဟ္မာခန္ဓာကိုရကြကုန်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ရှေးရှေးသော ဘုရားရှင်တို့ထံ မိမိတို့ အမျိုးဘာသာ အလိုက် အလှူဒါနမှု သီလမှု ဘာဝနာမှု ရိုးရိုး ဝိပဿနာဉာဏ်မပါ ဘဲ ငါ့အလှူ ငါ့ကျောင်း ငါ့ဇရပ် ငါ့တန်ဆောင်း ငါ့သိမ် ငါတို့မိဘ ကိုးကွယ်သောဘုန်းကြီး ငါရှင်ပြုသောကျောင်း ငါတို့ဆွေမျိုးဘုန်းကြီး ငါ့အသိဘုန်းကြီးဟူသော သက္ကာယဒိဋ္ဌိ အစွဲ အလှူမျိုး ကုသိုလ် သီလ မှာလဲ ငါရှစ်ပါးသီလစောင့်သည် ငါ့မှာ ရှစ်ပါးသီလရှိသည်ဟူ၍ သီလ ဥစ္စွဲသော သက္ကာယဒိဋ္ဌိသီလ ကုသိုလ်မျိုး ဘာဝနာမှာလဲ ခေတ်အစစ် ခေတ်အနှစ်ကို မတွေ့မမြင် စိတ်ကူးသော စိန္တမယဉာဏ်ကြံ၍သိသော ဉာဏ်၊စာသိ -သိသောဉာဏ်နှင့်သာ သက္ကာယ ဒိဋ္ဌိအစွဲမပြုတ်သော ဘာဝနာ ကုသိုလ်မျိုးတို့သည် ဝိပရိဏာမ-ဓမ္မမျိုးသာ ဖြစ်ကြရလေကုန် ၍ ထိုရိုးရိုး ဒါန သီလ ဘာဝနာ ဝိပဿနာဉာဏ်မပေါ်၍ ဤကုသိုလ်မျိုး အကျိုးပေးခွင့်ကုန်ခဲ့သည် ကောင်္က ပျက်ဆုံး၍ အပါယ်လေးဘုံသို့သာ ဆင်းချရလေကုန်၏၊ ဤကား တရား၏ ဓမ္မတာသဘော ဖြစ်ပေ၏ သတ္တဝါအပေါင်းတို့၏ စိတ်သဏ္ဍာန်မှာ စာမျက်နှာ ( ၆ ) အမှတ် ( ၅ ) သံယုတ် ပါဠိတော် ရာဟုလော ဝါဒသုတ်၌ ပြဆိုခဲ့သော ဝိပဿနာဉာဏ် ကင်းမဲ့လျက် ရှေးရှေးက ပြုလုပ်သော ဒါနသီလ ဘာဝနာရိုးရိုး ကုသိုလ် အကျိုးပေး အဟုန်ကြောင့် သက္ကာယဒိဋ္ဌိ ဝိဒ်ကိစ္ဆာ အဝိဇ္ဇာ မောဟ မပြတ်မကုန်ဘဲ လူ့ဘဝ လူ့ချမ်းသာ

နတ်ဘ၀ နတ်ချမ်းသာ ဗြဟ္မာဘ၀ ဗြဟ္မာချမ်းသာတို့ကိုရကြကုန်၍မိမိတို့ဘ၀နှင့် ပျော်ပျော် ရွှင်ရွှင် နေထိုင်လျက် ငါသူဌေး ငါအရာရှိ ငါပညာတတ်သည်၊ ငါတန်ခိုးရှိသည်ဟူသော သက္ကာယဒိဋ္ဌိ အစွဲကြီးနှင့် နေထိုင်ကြသော်လည်း ထိုထိုလူ နတ် ဗြဟ္မာအပေါင်းတို့၏ မိမိခန္ဓာသည် ဝိပရိဏာမဒေါက်ချက်ဖြင့် အသေသတ်ကြကုန်၍ ဇီဝိတိန္ဒြေအညှာပြတ်သည်နှင့်ဘုပြိုင်နက် သက္ကာယဒိဋ္ဌိသည် အပါယ်သို့သာ ပစ်လွှင့်၍ ချလိုက်တော့၏ထိုနတ်-လူ-ဗြဟ္မာတို့သည်မိမိကိုအလွန့်အလွန်ကြောက်ရွံ့နေ[illegible]ရသော အပါယ်ဒုက္ခပင်လယ်ကြီးတွင် ဘ၀အသင်္ချေကပါလာသော အပရာပရိယ-ဝေဒနီယကံတွေသည် ဆက်ခါဆက်ခါ အကျိုးပေးခွင့်ကြုံ၍ ရလာ၍ အပါယ်ဒုက္ခ၌ စုန်းစုန်းမြုပ်ကြရာတွင် ဘ၀အရာအထောင်အသောင်းမက လွတ်ခွင့်မရ အချို့ကား ကမ္ဘာပျက်မှ လွတ်ခွင့်ရကြကုန်၏ လွတ်ခွင့်ရကြပြန်လျှင်လည်း အကုသိုလ်ကံကို ဖြစ်စေသော လောဘတရား - ဒေါသတရား - မာနတရားတို့ကိုသာ ထပ်ခါထပ်ခါပြုလုပ်ကြကုန်လျက် သက္ကာယဒိဋ္ဌိကြီး ဦးစီးနေမှု အမြင်မှန်-အသိမှန် ယထာဘူတဉာဏ်၏ အစစ် ရုပ်-နာမ်-ပရမတ်ကို မိမိကိုယ်တွေ့ဉာဏ်အမြင်ကို မရသေး မမြင်သေးသမျှကာလ ပြုပြုသမျှ ဒါနသီလဘာဝနာကုသိုလ်မျိုးသည် ကျွတ်လွတ်ခွင့်မရဘဲ ဝဋ္ဋကုသိုလ် ဝါ-မမြဲသော မမြဲသောကုသိုလ်စရဏမျိုးသာ ဖြစ်ကြကုန်၍ မိမိ၏ကံသာလျှင် မိမိတို့၏ ခန္ဓာကို ဝိပရိဏာမ ဒေါက်ချက်ဖြင့် အသေ သတ် လျက် သက္ကာဒိဋ္ဌိယမပြတ်သေး၍ထိုသက္ကာယဒိဋ္ဌိသည် ထိုလူ-နတ်-ဗြဟ္မာတို့အား အပါယ်သို့ပစ်လွှင့်၍ ချလေတော့၏။

၆။ ထိုလူ - နတ်-ဗြဟ္မာတို့၏ ခန္ဓာ စိတ်သဏ္ဌာန်၌ စွဲလမ်းသော တရားတို့မှာ ပါဠိတော် သော အသို့ ေတာ်မမ-သောမေအတ္တာ

(က) မာနစွဲလမ်းပုံ.... သော ဤသည်ကား၊ အဟံ ငါသည်အသို့ ဖြင့်၏။

(ခ) တဏှာစွဲလမ်းပုံ....တော် ဤသည်ကား မမ ငါ့ဟာတည်း။

(ဂ) ဒိဋ္ဌိစွဲလမ်းပုံ....သော ဤသည်ကား မေ-ငါ၏ အတ္တာ အတ္တတည်း သို့ကြောင့်မြတ်စွာဘုရားသည်သတ္တဝါတို့အား

ဤကဲ့သို့တဏှာ-မာန-ဒိဋ္ဌိကြီးတရားမိုက်အတွက် ဘဝများစွာ သံသရာ၌ ကျင်လည်ရခြင်းကို ဆုမ္မတော်မူသော ပါဠိတော်ကား....တဏှာ ဂါဟ္ဇတိ - မေအန္တိ - မာနော-တန္တိ- ဒိဋ္ဌိ-ဂါဏှာတိ - ဧတေ-ပပဉ္စကာတရော ဟူ၍ ဟောကြားတော်မူ၏။

(**အနက်ကား**) တဏှာဂါဟ္ဇတိ။ တဏှာတည်းဟူသော ကိလေသာ အခိုးအရှိန်နှင့် ဤကား ငါ့မယား။ ဤကား ငါ့ သား ငါ့ သမီး ပကတိ မျက်စိ ကိလေသာ မျက်မှန်နှင့် စွဲယူလျက် ချစ်ခင် တပ်မက်ခြင်း၊ လောဘ တဏှာ သည်လည်းကောင်း မာနောတန္တိ ငါသာမြတ်သည် ငါသူဌေး ငါအရာရှိ ငါတတ်သည် ငါသိသည် ငါလိမ္မာ ငါ၌ အခြံအရံများသည်စွဲလမ်းသော မာနတရားသည်လည်းကောင်း ဒိဋ္ဌိဂါဏှာတိ၊ ငါ့ကိုယ် ငါ့ဉစ္စာ ငါ့ပစ္စည်း ငါ့စက် ငါ့တိုက် ငါ့ရွှေငွေ စိန်ကျောက်ဟူ၍ အဝိဇ္ဇာမောဟ မသိသော ယူစွဲသောဒိဋ္ဌိသည်လည်းကောင်း ဧတေပပဉ္စကာတရော ထိုထို တဏှာ-မာန-ဒိဋ္ဌိတည်းဟူသော တရားဆိုး တရားညစ်တို့သည် သတ္တဝါတို့၏ စိတ်၌စွဲနေသမျှ ကာလပတ်လုံး သံသရာတည်းဟူသော ဇာတိပဋိသန္ဓေ အို-နာ-သေ-ရေး-ဘေး ဒုက္ခအပေါင်းမှ မလွတ်နိုင် မကျွတ်နိုင်ရာ ဖြစ်တော့၏ဟူ၍ ဟောကြား ဆုမ္မတော်မူပေ၏ (ဤဒေသနာဝယ်အဓိပ္ပါယ် သော်ကား) လူ-နတ်-ဗြဟ္မာတို့၏ စိတ်ထဲ ဉာဏ်ထဲတွင် ခမ္မ၏ သဘောတရား အမြင်မှန် ရုပ်-နာမ်-ပရမတ်တရား ကိုမသိသေး မမြင်သေးသမျှကာလပတ်လုံး လူ-နတ်-ဗြဟ္မာတို့၏ ခန္ဓာကိုယ်တွင် သက္ကာယဒိဋ္ဌိကြီး ဦးစီးနေလျက် ပြုပြုသမျှ ဒါန-သီလ-ဘာဝနာကုသိုလ်တို့သည် အကျိုးထူးကို မခံစားရမူ၍ သံသရာဝဋ်မှ မလွတ်သော လူ-နတ်-ဗြဟ္မာ ချမ်းသာတို့၌တည်လျက် ကာမဝဋ်-ကိလေသာဝဋ်-ဝိပါက ဝဋ်ဟူသော ဝဋ်သုံးပါးမှ မလွတ်နိုင် ပဋိသန္ဓေ-သေ-နာ-အို ဘေးနှင့်သာ ရင်ဆိုင်လျက် ထို လူ-နတ်-ဗြဟ္မာတို့၏ ခန္ဓာ

မှာ ငရဲမီးသည် ထိမ်ထိမ်တောက်လောင်၍ အပြီးပါတော့
၏ခန္ဓာအတွင်း၌ သက္ကာယ ဒိဋ္ဌိဦးစီးမှုအတွက် 'ငါမြင်သည်
ငါကြားသည် ငါလျက်သည် ငါသိသည် ငါလှူသည် ငါ့အ
လှူ ငါသီလစောင့်သည်သီလငါ့မှာရှိသည် ငါဘုရားတကာ
ငါကျောင်းတကာ ငါတန်ဆောင်းတကာ ငါရဟန်းတကာ
ဟူ၍ ငါတည်းဟူသော ဝိညာဉ်မြင် ဝိညာဉ်သိနှင့် စွဲယူ
လျက် ထိုထိုပုဂ္ဂိုလ်တို့၏ ခန္ဓာမှာ ငရဲမီး ဟုန်းဟုန်းတောက်
လောင်ပြန်၏ လှသည် ချောသည် ပျိုသည် ဖြူသည် မဲသည်
ချစ်စရာကောင်းသည် ပညတ်မြင်အနေ ဝိညာဉ်သိနှင့်သာ
သိနေ မှတ်နေသမျှ ကာလပတ်လုံး ထိုပုထုဇဉ် ပုဂ္ဂိုလ်
သည် ပဋိစ္စသမုပ္ပါဒ်စစ်ကင်းက မလွတ်နိုင်သည်မှာ အဝိဇ္ဇာ
တဏှာခွေးမူလာနီ၊ဟူသော ဒေသနာအရ မသိမှုနှင့် လော
ဘတည်း အနုသယ-ကိလေသာတို့သည် လမ်းတွင်နေသ
ဖြင့်မျက်စိ-နား-နှာခေါင်း ခံတွင်းကိုယ် မနောဟူသောဒွါရ
တို့မှ တသွင်သွင်စီးဝင်လျက် အဝိဇ္ဇာပစ္စယာသင်္ခါရာ သင်္ခါ
ရပစ္စယာ- ဝိညာဏံ- ဝိညာဏပစ္စယာ- နာမရူပံ-နာမရူပပစ္စ
ယာ သဠာယတနံ-သဠာယတနပစ္စယာ-ဖဿော ဖဿပစ္စ
ယာဝေဒနာ ဥပါဒါန်-ဘဝ ဘဝတိုင်း အိုဘေး-နာဘေး
သေဘေးသည် ဆက်စပ်လျက် လူ-နတ်-ဗြဟ္မာ၏ ခန္ဓာတွင်
သက္ကာယဒိဋ္ဌိ အမြစ်မကြီးမပြတ်မူ၍ ဒေါသမီး လောဘမီး
မောဟမီးတို့သည် တောက်လောင်လျက် အပါယ်မွှေနှင့်
မကင်းဘဲ ငရဲမီးသည် ထိမ်ထိမ်တောက်လောင်ပြန်၏။

၇။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ လာသော ပါဠိတော်
ကား-

(က) ယေဘုယျေနဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ
ဟူ၍ မိန့်ဆိုတော်မူ၏။ (**အနက်ကား**) ဟိသဒ္ဒ ဤဆိုသော
စကားသည် စင်စစ်ကေန် တကယ် မှန်လှပေ၏။ ယေဘု
ယျေန၊ များစွာ သောင်းသောင်း လူ-နတ်-ဗြဟ္မာ-ပုထုဇဉ်

အပေါင်းတို့သည်ကား တဏှာ-အာသာ ငင်းငင်း ခွဲခွါ၍၊ မစွန့်နိုင်ခြင်းတည်းဟူသော စုံမက်မှု၊ နှစ်သက်မှု၊ ပျော်ပိုက်မှု၊ တဏှာလောဘ၏ တန်ခိုးအကြောင်းရင်းသည်။ ပေတ္တိဝိသယ-ပြိတ္တာတို့၏ဘုံဘဝ၊ဤဌာနသို့သာဥပ-ပဇ္ဇန္တိ၊ ခလွဲမသွေဖြစ်ကြရလေကုန်၏။

**(အဓိပ္ပါယ်ကား)** သဏ္ဍာယ မကင်း သေးသော၊ ခကုန်မပြတ်သေးသော ပုထုဇဉ် လူ-နတ်-ဗြဟ္မာ တို့သည်။ ဒိမိတို့၏ နေရာ ဗိမာန် - တိုက်တာ။ နေရာ ဥစ္စာ ပစ္စည်း၊ ရတနာ- ရွှေငွေတို့၌ တွယ်တာစွဲလမ်းပြီး ရမ္မက် မကင်းဘဲ၊ သေဆုံးပါမူ။ ပုဂ္ဂိုလ် - သတ္တဝါ ဟူ၍၊ တရား ဓမ္မသဘောက၊ ချက်နှာမရွေး မုချ ပြိတ္တာဘုံသို့ သာရောက်ရ မည်ကား အမှန် ဖြစ်တော့၏။ ကမ္ဘာ ပျက်ရာ မီးဖျက်သော ကမ္ဘာ၌ တွေ့ရမည်။

(ခ) အဋ္ဌာသာ လိနီအဋ္ဌကထာမှ လာသော ပါဠိတော်....ဒေါသေနဟိ စဏ္ဍာ ဇာတိတာယ ဒေါသသဒိသံ နိရယံဥပ ပဇ္ဇန္တိ ဟူ၍ မိန့်ဆိုတော်မူ၏။

**(အနက်ကား)** ဟိသစ္စ - ဤဆိုသော စကား သည်၊ စင် စစ် ဧ ကန် တ ကယ် မှန် လှ ပေ ၏။ ယေဘု ယျေန များ စွာ သောင်း သောင်း ပုထုဇဉ် လူ - နတ် - ဗြဟ္မာ အပေါင်းတို့ သည်ကား။ ဒေါသေန အပြစ် ဘေး များ လှ စိတ်ဒေါသကြောင့် စဏ္ဍဇာတိတာယ- ကြမ်းထန်းခက်ထန် သော ဒေါသ မာန်-မာနအတွက် အကြောင်းရင်း ဒေါသ သဒိသံ-ဒေါသနှင့်တူသော အကျိုးသည်ကား၊ နိရယံ-ချမ်းသာ လွတ်ကင်း ဆင်းရဲ ပြင်းစွာ - ချမ်းသာဟူ၍ မြူမျှမရ၊ သုခ - မနှောသော - ငရဲဘုံ သို့သာ ဥပပဇ္ဇန္တိမလွဲ ကေန် အမှန်ကျရောက်ရ လေတော့၏။ (အဓိပ္ပါယ်သော်ကား) လူ-နတ်-ဗြဟ္မာ တို့ပင်ဖြစ်လင့်ကစား သဏ္ဍာယ ဒိဋ္ဌိ မပြတ် သေးသမျှ အကြောင်း တိုက်ဆိုင်လျှင်၊ မိမိ ခန္ဓာ အတွင်းရှိ ဒေါသ တရား တဟုန်တည်း ထွက်ပေါ် လာ၍၊ ဝဇီကံမှု

ကာယကံမှုများကို လွယ်လွယ်နှင့် ခိုးမှု-လုယက်မှု-ထိုးခုတ် သတ်ဖြတ်မှု တို့သည်။ လူတိုင်း ကျူးလွန် ကြလျက်၊ နတ် ဗြဟ္မာတို့ မှာလည်း၊ အစ၏ သန္တတ ဒါဏ်ချက် ညှဉ်းပန်း နှိပ်စက် ပုံကား၊ ဗြဟ္မာ ခန္ဓာကို ရလိုမှု အတွက်၊ ရှေးရှေး ဘဝက တောကြီးတောင်ကြား ဆိတ်ငြိမ်ရာ အရပ်သို့ သွား ရန်၊မိမိ၏ဥစ္စာပစ္စည်းသား-မယား-သို့မ်း-ဆွေမျိုး တိုက်တာ အိမ်ယာ-အချေအရံတို့ကို စွန့်ခွာ၍၊ သစ်သီး-သစ်ဖု-သစ်ဥ ကို စားပြီးလျှင်၊ သမထလေးဆယ်မှ၊ တခုတည်းသော ကမ္မ ဋ္ဌာန်းကို မိမိ ဥာဏ်မှာ ထင်အောင်၊ မိမိကိုယ်ကို အဆင်း ရဲ အပင်ပန်းခံ၍ ကျင့်ရသော သန္တတ ဒါဏ်ချက်ဖြင့် နှိပ်စက် ၏။ အလယ် သန္တာပ ဒါဏ်ချက်ကား ဈာန် သမာပတ် တရားကို ရလာသော ဗြဟ္မာ ပုထုဇဉ်သည်။ ငါကား ဗြဟ္မာ ခန္ဓာကိုယ်ဘဝ၌၊အသက်ကမ္ဘာငါးဆယ်၊ တရာတထောင် တိုင်အောင် ရှည်ကြာ၍၊ ငါ၏ ဘုံပြဿာဒ်ကား၊ အဘယ် မျှ ကျယ်ဝန်းသည် ဟူသော၊ မာနမီး အမြဲတစေ စွဲလောင် လျက်၊ မာနစရိုက်၊ ဒေါသ စရိုက်တွေ တသွင်သွင် စီးဝင် နေသော သန္တာပ ဒါဏ်ချက် ညှဉ်းပန်း နှိပ်စက် ပြန်၏။ ထိုသို့ ဗြဟ္မာ ခန္ဓာဘဝကို ရရှိနေသော ပုထုဇဉ် ပုဂ္ဂိုလ်၌ သက္ကာယဒိဋ္ဌိမီး။ သဿတဒိဋ္ဌိမီး။ ဥစ္ဆေဒဒိဋ္ဌိမီး တို့သည်၊ စွဲလောင် နေသော်လည်း၊ ထိုဗြဟ္မာ ဘဝကို ရရှိနေသော ပုဂ္ဂိုလ်ကား၊ ဘုန်းတန်ခိုးဖြင့် မူးယစ်မေ့လျော့ခြင်း တည်း ဟူသော ပဒမီး။ တရား၌ မေ့လျော့ခြင်း ပမာဒမီး အစ ရှိသည့် ကိလေသာ မီးတို့ သည်သာ၊ ထကြွလျက် အသက် ရှည်သမျှ ကာလပတ်လုံး၊ ထိုဗြဟ္မာ၌ နှိပ်စက် ညှဉ်းပန်း၍၊ ဘဝ ဆုံးသည်၊ ငရဲမီး ဘောက် လောင်လျက် အပါယ်သို့ ပစ်ချလေတော့၏။ ကမ္ဘာပျက်လျှင်ရေကမ္ဘာပျက်သည်နှင့် တွေ့ရမည်။

(ဂ) အဋ္ဌသာလိနီ-အဋ္ဌကထာ ပါဠိတော်.... မောဟေနပတိ နိစ္စံ သမ္မုဠ္ဌံ တိရစ္ဆာနယောနိယံ ဥပ-ပဇ္ဇန္တိ ဟူ၍မိန့်ဆိုတော်မူ၏။

(**အနက်ကား**) ဟိသစ္စံ ဤဆိုသော စကားသည် စင်စစ် ကောန် တကယ် မှန်လှပေ၏။ မောဟေန - တွေဝေ ဝိတ်ဖုံး - မိုက်မဲသော မသိမောဟ တုံးကြောင့်၊ နိစ္စံ အမြဲ သမ္မုဠ္ဟံ-တွေဝေ မေ့လျော့ကာ၊ ပျော်ပျော် ရွှင်ရွှင် စားခါ သောက်ခါ နေကြကုန်သော သတ္တဝါ အပေါင်း တို့သည်၊ တိရစ္ဆာန ယောနိယံ-တိရစ္ဆာန် ဘုံဌာနသို့သာ ဥပ-ပဇ္ဇန္တိ အမှန်မလွဲ ကျရောက် ရတော့၏။ ဤသို့ မောဟကြီး မသိ မိုက်မဲတွေဝေသောသူတို့က၊ ကမ္ဘာ့ပျက်ရာ လေပျက်သော ဘမ္ဘာ၌သာ တွေ့ရမည် မလွဲ ဖြစ်တော့၏။

(**အဓိပ္ပါယ်ကား**) မောဟ ဟူသောတရားကား၊ မသိမှုကို ဆိုသည်။မသိမှုကား၊ ဤကား-ကုသိုလ်။ ဤကား-အကုသိုလ် ဟူ၍ လည်းကောင်း။ အကျိုး အပြစ်ဟူ၍ လည်းကောင်း။ ဥပမာပြရမည်ဆိုသော် မိုက်ကြီးစတု အင်လေးခု ဟူသော ညဉ့်နက် သန်းခေါင် ဥမှင် လိုင်တွင်း၊ လကွယ် ထက်ပင် မိုက်လျက်၊လောဘ ၌လည်း ပါဝင်လျက်၊ လိမ် လည် ကောက်ကျစ်၊အလေး တောင်းတင်း မမှန်ရရန်ရှိက၊ မိဘ ဆွေမျိုး ဟူ၍၊ မညှာတာ၊ ခိုးမှု၊ လုမှု၊ ထားပြတိုက်၊ ပြန်ပေး၊ လူသတ်၊ ရွာမီးတိုက်၍၊ ဥစ္စာ ရမှုကိုသာ အရင်း၊ ကြက်မွေး၊ ဝက်မွေး၊ တံငါ၊ မုဆိုး စသည်တို့ဖြင့် အသက် မွေးကြ၏။

ဒေါသ၌ မသိမှုမောဟဝင်ပုံမှာ ဘုရားတရားသံဃာကိုလဲ ကောင်းစွာမကြည်ညို လောင်းတမ်းကစားခြင်းနှင့် ငါးပါး သီလကို အကျိုး အပြစ်မသိ၍ ကြူးလွန်ခြင်း စိတ်ထင်ရာ အမိအဘကိုပင် ကျူးလွန်ခြင်းအလွန်ကြီးလေးသော ကံတို့ ပင်မရှောင်လွှယ်လွှယ်နှင့်ပြုလုပ်တတ်၏။သို့ကြောင့် ဒေါသ သည် ဥာဏ်ကင်းမဲ့၍ တိရစ္ဆာန်ဘုံသို့သာ ရောက်ရသည် (ဆက်ဦးအံ့) သက္ကာယ ဒိဋ္ဌိ နှစ်ဆယ်သည် ခပ်သိမ်းသော ဒိဋ္ဌိ အပေါင်းတို့၏ မူလအမြစ်အရင်းကြီးဖြစ်ပေ၏ လော က၌ အလုံးစုံသော မြက်သစ်ပင် ဟူသမျှသည် မျိုးစေ့မှ

လည်း ဤနည်းအတိုင်း သိရာ၏။ ဝိနိပါတံ သံသာရံပုဒ်၏အဓိပ္ပါယ်ကား မိမိခန္ဓာကိုယ် နှလုံးအတွင်း ရှုပ်ထွေး၍ နေကြကုန်သော လူ-နတ်-ဗြဟ္မာ ပုထုဇ္ဇန်သတ္တဝါဟူသမျှ ငါဘယ်ဘုံက စုတေလျှင် ဘယ်ဘုံသို့ ငါသွားမည်ဟုမှန်းတမ်း၍ သွားနိုင်ကြကုန်သည်မဟုတ် စုတေသည်နောက်ရောက်လိုရာရောက် ကျလိုရာကျ ကမ္မသကာ ကံ၏ ချရာပေါက်လွှတ် ဓမ္မတာ ထားကြရကုန်၏။ ဥပမာပြသည်ရှိသော် တပေါင်း တန်ခူးလ အခါကာလ၌၊ လေတိုက်သည့်အခါ၊ သစ်ပင်တို့မှ ကြွေကျကုန်သော သစ်ရွက်ချောက်တို့သည်အညှာမှလွတ်လျှင်၊မြေသို့စိုက်စိုက်မရောက်နိုင်လေပင့်ရာ လေဆောင်ရာသို့ သာလျှင်၊ ကျစရာ နေရာကို အတည်မရရှိဘဲ၊ ဖြစ်ဘိသကဲ့သို့ သက္ကာယဒိဋ္ဌိသည်။ ပုထုဇဉ်ဖြစ်ကြကုန်သော သူဆင်းရဲ ပခုံးထမ်း တို့မှာလည်း၊ နေ့ ရှိသမျှလရှိသမျှ၊ နှစ်ရှိသမျှ၊ မိမိ၏ ဝမ်းရေးအတွက်၊ ကူလီလုပ်ရလို့မှု၊ လောဘကိလေသာ၊ အစိုးရအမှုထမ်းအရာထမ်း စာရေးစာချီ၊မြို့ပိုင်၊ဝန်ထောက်၊ခရိုင်ဝန်၊ တိုင်းမင်းကြီး မှစ၍၊ ဒေသရာဇ်၊ဧကရာဇ်တို့မှာလည်း၊ တိုင်းရေးပြည်မှုလုပ်ငန်းတွေနှင့် ဝမ်းရေး အတွက် ရှုပ်ထွေး ပွေလီ အချိန်သာ ကုန်လျက်၊ ပရမတ် ရုပ်-နာမ် အထင် အမြင်သို့ ရောက်အောင်အားထုတ်ခွင့်မရ၊ အချို့ကားရာထူး ဂုဏ်စည်းစိမ်ရစ်လျက် ငါမြတ်သည်၊ငါတတ်သည်၊ငါလိမ္မာသည်၊ ငါသိသည်ဟူ၍ တဏှာ-မာန-ဒိဋ္ဌိ အစွဲသို့ စိတ်အာရုံ ရောက်တိုင်း အောက်သံသရာ အပါယ်ဘုံသို့ ခေါက်စိုက်ခါကျစေသော လောဘမီး။ ဒေါသမီး။ မောဟမီး တည်းဟူသော ငရဲမီး တို့သည် တဟုန်းဟုန်း တောက်လောင်ခြင်း ခံကြရလေကုန်၏။ ကုန်သည်၊သူဌေး-သူကြွယ်တို့မှာလဲ ထောင်မှသောင်း၊သောင်းမှသိန်း။ သိန်းမှသန်းကုဋေရလို့မှု၊ လောဘကိလေသာသည် နေ့ရှိသမျှ၊ နာရီရှိသမျှ၊ ကြံစည် စိတ်ကူး လုပ်ကိုင် စေခိုင်းမွေးမြူ နေကြရ သဖြင့်၊ ဝိပဿနာ ဘာဝနာ ပွားများမှုကို

မေ့လျော့လျက် ဒါနမှု-သီလမှုဖြင့်သာ မျိုးရိုး ဗုဒ္ဓဘာသာ မိရိုးဘလာ အလေ့အထနှင့်သာ ပြုလုပ်ကြသော ကုသိုလ်မှုသည်၊အပါယ်အမွေ-အောက်သံသရာနှင့် မကင်းကြောင်း ကိုသမထ-ဘာဝနာအကျိုး အာနိသင်ဖြင့်၊ ရှေ၏ ကမ္ဘာ လေးဆယ်၊ နောက် အနာဂါတ်၏ ကမ္ဘာ လေးဆယ်၌၊ အမျိုးအနွယ်နှင့်အမျိုးဇာတ်၊ ဘဝအမျိုးမျိုးကို အကုန် အစင်သိနိုင်သော သမထ-ဘာဝနာ၏ အကျိုး ရှာန်ယာဉ် စီးနေသော ဒေဝိဋ္ဌရသေ့၊ ဥဒကရသေ့၊ဥလာဋ္ဌရသေ့ကြီး ပုဂ္ဂိုလ်ကျော်၊ ပုဂ္ဂိုလ်ထူး၊ အာဇာနည်များ ကြီးပင်၊ အမြင် မှန် တရားစစ်တရားမှန်၊ ပရမတ်ဓါတ်သားကို မမြင်မသိကြ ၍၊စုတိမနေ ဘဝ ဆုံးကြကုန်သော ပုထုဇဉ်ဗြဟ္မာကြီးတို့ပင် ဖြစ်လင့် ကစား၊ အောက်သံသရာ အမွေ မပြတ်ဘဲ၊ ဗြဟ္မာ ဘုံမှ သစ်ရွက်ခြောက် လွင့်ဘိတကဲ့သို့၊ အပါယ် လေးဘုံသို့ ခေါင်းစိုက်ခါ ကျဆင်း ရလေ သည်သာတည်း။ သို့ကြောင့် အောက်ပါဒေသနာကို ဟောကြား ဆုံးမတော်မူပေ၏။

ဂ။ ဥက္ခိတ္တာ ပုညာ တေဇေန၊ ကာမရူပ ဂတိံ ဂတာ၊ ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ ဟူ၍၊ မဇ္ဈိမဒေသ ဝိဘင်း ပါဠိတော်၌ ဟော ကြားတော်မူပေ၏။

(**အနက်သော်ကား**) ပုညတေဇေန၊မိရိုးဘလာယထာဘူတအသိ ဉာဏ်၊ အသိမှန် မရကြ ကုန်ဘဲ၊ ပြုလုပ်ခဲ့ ဘူးသော ဝဋ္ဋ ကုသိုလ် (ဝါ) စရဏမျိုး တည်းဟူသော ဒါန-သီလ-သမထ-ဘာဝနာ အကျိုး တို့သည်။ ဥက္ခိတ္တာအကြောင်းရင်း ကုသိုလ်၏ အဟုန်တို့သည်၊ မြှောက် တင်၍၊ အကျိုးတရားတို့သည်၊ သံသရာ သုံးသွယ် တည်းဟူသော လူ့ ဘဝ-လူ့ချမ်းသာ၊နတ်ဘဝ-နတ်ချမ်းသာ၊ဗြဟ္မာဘဝ-ဗြဟ္မာချမ်းသာ၊ ကာမရူပဂတိံ သုဂတိဘုံဟု ဆိုအပ်သော သုဒ္ဓါဝါသမှ တပါးသော ရူပါဝစရ ဗြဟ္မာဘုံသို့။ ဂတာစ၊ရောက်ကြကုန်သောသူတို့ သည်လည်း ကောင်း။ ဘဝဂ္ဂန္တမ္ပိ အထက်ဘဝသို့ သမ္ပတ္တာ ရောက်ကြ ကုန်သော ဒေဝိဋ္ဌရသေ့၊ ဥဒကရသေ့၊ ဥဋ္ဌာလရသေ့ကြီး ကဲ့သို့သော ဗြဟ္မာကြီး

တို့သည်၊ ပုန - တဖန် - ဒုဂ္ဂတိ' အပါယ် လေးရပ် အောက်သံသရာသို့ ဂစ္ဆန္တိ - ပါပုဏန္တိ ခေါင်း စောက်ထိုး ချလျက် ပြန်ဆင်း ရပြန်ကုန်၏။

**(အဓိပ္ပါယ်သော်ကား)** ပုထု ဇဉ်လူ-နတ် ဗြဟ္မာ တို့သည်ကား ယထာဘူတအမှန် ရုပ်ဓါတ်-နာမ်ဓါတ်-ပရမတ် ဓါတ်သား-ဓါတ်နှစ်ကို မရကြသေးသမျှကာလပတ်လုံး ဘဝ ကိုဖြစ်စေတတ်။ အဝိဇ္ဇာနှင့်တဏှာ အနုသယကိလေသာသည်။အောက်သံသရာ-အပါယ်လေးဘုံ၊ အလယ် သံသရာ လူ့ပြည် - နတ်ပြည် ခြောက်ထပ်၊ အထက် သံသရာ ပုထုဇဉ် ဗြဟ္မာကြီးတို့၏ဘုံတို့၌ဘဝ အသချေအနန္တ မရေတွက် နိုင်အောင်၊ ယခု တိုင် ဘုရားအဆူဆူပွင့်တော်မူရာ၊ နှစ်ဆယ် လေးသချေ ကုဋေ ခြောက် ဆယ်၊ ဗိုလ်ခြေတသိန်း၏ ကျွတ်တမ်း၌မပါ။ ဇာတိ-ဇရာ-ဗျာဓိ မရဏ ဘေးကြီးမှ မလွတ်နိုင် ခံနေရကြောင်းကို၊ ဗုဒ္ဓဘာသာဝင် သူတော်စင် တိုင်း မျက်မှောက်၏ တွေ့ရကြုံရချက်ကို သိကြပေသည်။

၉။ သီလက္ခန် အဋ္ဌကထာ ပါဠိတော်၌ သံသရာ၏ ကျဉ်လယ်ပုံ ကို ဟောကြားတော်မူသည်မှာကား- ပါဠိတော် ဒိဋ္ဌိဂတိကောဟိသုခါ ဒိဝေဒနံ အဇ္ဈာတိဂဟေတွာ အဟံကာရ-မမံကာရ-ပရာမာသဝသေန သဗ္ဗဘဝ -ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တဝါသေသု-တတောတတော စဝိတွာ တတ္ထတတ္ထ-ဥပ-ပဇ္ဇန္တာ မဟာ သမုဒ္ဒေဝါ တုက္ခိတ္တဲနာ ဝါဠိယ တံတံသမိတံ-ပရိဗ္ဘမတိ-ငန္တော-သီသံ ဥက္ခိပိတုံယေဝ-နသက္ကောတိ ဟူ၍ ဟောကြား မိန့်ဆိုတော်မူပေ၏။

**(အနက်ကား)** ဟိ-သံသရာ၏လည်ပုံကိုပြဆိုဦးအံ့၊ဒိဋ္ဌိဂတိကော၊ သက္ကာယ-ဒိဋ္ဌိတည်းအနုသယရှိသမျှမကင်း၍ရှိနေကြကုန်သောပုထုဇဉ် တို့သည် သုခါဒိ ဝေဒနံ သုခစသော ဝေဒနာကို အဇ္ဈာတိ ငါငါဟူ၍၊ ဂဟေတွာစွဲယူ၍အဟံကာရငါငါဟူသောမာန်မူခြင်း၊မမံကာရ-ငါ့ဥစ္စာ ဟူ၍စွဲလမ်းခြင်း။ ပရာမာသ-ဝသေနမှားသော သုံးသတ်ခြင်း၏ အစွမ်း အားဖြင့်၊သဗ္ဗဘဝ ယောနိဂတိ ဝိညာဏဋ္ဌိတိ သတ္တဝါသေသု အလုံးစုံ သောဘဝကြီးကိုးပါး ယောနိလေးပါးဂတိငါးပါး ဝိညာဏဋ္ဌိတိခုနှစ်ပါး သတ္တဝါသကိုးပါးတို့၌တတောတတောထိုထိုသောဘဝတို့မှစဝိတွာရွေ့ လျော၍ တတ္ထ-တတ္ထထိုထိုသို့ဘုံတို့၌ဥပပဇ္ဇန္တာဖြစ်ရပြန်သည်ရှိသော်

မဟာသမုဒ္ဒေ မဟာသမုဒ္ဒရာပြင်ကျယ်ကြီးအတွင်း၌ ဝါတုက္ခိတ္တနာဝါ ဒိ ယလေတိုက်တိုင်းလွှင့်ရသော၊လှေကြီးကဲ့သို့။ တံတ၊ထိုထိုသို့သော။ဘဝ ယောနိဂတိ ဝိညာကာဋ္ဌိတိ၊သတ္တာဝါသသို့။သမိတံ၊ မပြတ်မလပ် တလ စတ်ပင်လျှင် ပရိဗ္ဘမတိ လည်၍သာ နေရလေတော့၏ ဝဋ္ဋတော ဝဋ္ဋ သုံးပါးထဲမှ သီသံ ဥက္ကောင်းကို ဥက္ခိပိတုံချီခြင်းငှါ (ဝါ) ဖေါ်ခြင်းငှါ နသက္ကောတိယေဝ မစွမ်းနိုင် မလွှတ်နိုင်တော့သည်သာတည်း ဟူ၍ ဟောကြားတော်မူ၏။

(**အဓိပ္ပါယ်သော်ကား**) ယခုဗုဒ္ဓဘာသာကို ယုံကြည်အားထား ၍ ရတနာသုံးပါးကို မှီခိုကာ အလှူဒါနပြုမှု သီလ ဆောက်တည်မှု ဘာဝနာ ကမ္မဋ္ဌာန်း တရားကို ပွါးများ ကြရာဝယ် ဒါန ပြု မှု ကား ဖြစ်လေရာ ဘဝတိုင်း ဥစ္စာပစ္စည်း ချမ်းသာ ကြွယ်ဝမှုကို ပေးမြဲ ဓမ္မတာဖြစ်၏၊ နိဗ္ဗာန်ကိုကား ရိုးရိုးဒါနဖြင့် မရနိုင် မရောက်နိုင်ချေ အဘယ်ကြောင့်နည်းဟူမူကား ဘဝကိုဖြစ်စေ ရစေဘတ်သော မျိုးစေ့ နှင့် သစ်ပင်သည် မျိုးရှိက သစ်ပင်ကို ဖြစ်ပွါးပေါက်ရောက်စေနိုင်ဘိ သကဲ့သို့ သတ္တဝါလူ-လူ-နတ်-နတ် ·ဗြဟ္မာကြီးပင်ဖြစ်လင့်ကစား ခန္ဓာ ငါးပါး၌ အမြဲတစေ စွဲနေသော မှတ်နေသော ယူနေသော အနုသယ ခေါ် သက္ကာယ ဒိဋ္ဌိ (၂၀) ရေသောက်မြစ်ကို ဘဝကို ဖြစ်စေတတ် သော အနုသယ ကိလေသာကို ဒါန-သီလ-သမထ-ဘာဝနာဖြင့်မသတ် နိုင် မဖြတ်နိုင်ကြ၍အများသူငါ လူ-နတ် ·ဗြဟ္မာ ပုထုဇဉ်ဟူသမျှသည် သံသရာ၌ ကျင်လယ်နေရခြင်းကား၊ ယခုတိုင် ဇာတိ-ဇရာ-ဗျာဓိ-မရဏ နှင့်တကွ သောကပရိဒေဝ မကင်း သားရေးသမီးရေး ဆွေမျိုးညာတ ကာအရေး စီးပွါးရေးတို့ကို နေ့ရှိသမျှ လရှိသမျှ နှစ်ရှိသမျှ ကုန်ဆုံး သည်မရှိ။ကိုယ်တွေ့ ကာယိက-ဒုက္ခ-ကိုယ်၌ ထိခိုက်နာကျင်သော ရော ဂါအမျိုးမျိုး သားရေး သမီးရေး ဆွေမျိုးညာတိ တော်စပ်သူတို့၏ အ ရေးစီးပွားရေး ရပ်ရေး ရွာရေး တိုင်းရေး ပြည်ရေးတို့၏ စိတ်ဒုက္ခနှင့် နေ့ညမပြတ်တွေ့ကြုံရခြင်းကား မလွဲနိုင်ခြင်းကား ကုသိုလ်စိတ်နှင့်လား လားမျှမဆိုင် အကုသိုလ်အာရုံ တဏှာစွဲ ဒိဋ္ဌိစွဲသာ ဖြစ်ကြ၍ အလွန် အလွန်ကြောက်မက်ဘွယ်ရာ ဘေးကြီးဖြစ်ကြောင်းကို သိရမည်ကိလေ သာမှာ သုံးမျိုးသုံးစားရှိ၏ ထိုသုံးမျိုးသုံးစားမှာကား ဝိတက္ကမကိလေ

သာ ပရိယုဋ္ဌာနကိလေသာ အနုသယကိလေသာဟူ၍ လူ-နတ်-ဗြဟ္မာ တို့၏ ပုထုဇဉ်အတိုင်းအမြဲပါနေ၏ ယခုဗုဒ္ဓဘာသာ အမည်ခံ ပုဂ္ဂိုလ် တို့ကား ရတနာသုံးပါးကို ကြည်ညိုကြ၍ အလှူဒါန ကုသိုလ်ကိုပြုကြ လှူကြရာဝယ် ရှင်ပြု ကျောင်းဆောက် ကထိန်ခင်းရဟန်းပြုတို့ကို ကြေး ငွေအကုန်အကျခံ၍ ပြုလုပ်ကြရာဝယ် အလွန်ဝမ်းမြောက်ဘွယ်ရာဖြစ် သော်လည်း အနုသယ တည်းဟူသောဘဝကိုဖြစ်စေတတ် သက္ကာယ ဒိဋ္ဌိ မသေမှုကြောင့် ငါ့ရှင်တကာ ငါ့ကျောင်းတကာ ငါ့ဘုရားတကာ ဟူသော အစွဲမပြတ်နိုင်၍ လူ-နတ်-ဘဝ လူ-နတ်-ချမ်းသာနှင့်သာ သံ သရာမှာလည်လျက် အောက်သံသရာအပါယ်မှနှင့်မကင်းဘဲဂတိမမြဲ၍ ကျဆင်းရမည်အတွက် ငရဲမီးဟုန်းဟုန်းတောက်ပြန်၏ အဘယ်ကြောင့် နည်း အထက်ဖော်ပြသော ဝိတက္ကမ ကိလေသာမှ ပရိယုဋ္ဌာန ကိလေ သာ အနုသယ ကိလေသာသုံးမျိုးတွင် တမျိုးမျိုးသောကိလေသာကိုမှ သတ်နိုင်သော လက်နက်မဟုတ် အကျိုးကား လူ့ဘဝ-နတ်ဘဝ၌ လူ လူကြီး အကျိုးပေးနိုင်ပါ၏ အပါယ်နှင့်ကားမကင်းပေ အဘယ်ကြောင့် နည်းဟူမူကား ဝိတက္ကမကိလေသာ ပရိယုဋ္ဌာန ကိလေသာ အနုသယ ကိလေသာ ထိုကိလေသာသုံးမျိုး၌ အဘယ်ကိလေသာကိုမျှ သတ်ရာမ ရောက် သတ်ရာမည်သို့ရာတွင်လူချမ်းသာ၌ လူလူကြီးဇောတိက အနာ ထပိန် ဇတိလသူဌေးတို့လိုကား အကျိုးကားပေးပါ၏ပါဠိတော်၌ ( ယဒိ သံ ပါကံဇနေတိ ) ဟူ၍လာ၏အမိပ္ပါယ်မှာတူသော အကျိုးကားပေးပါ သည်ဒါနကုသိုလ်ထက် သီလကုသိုလ်ကား မြတ်၏ဆိုရာ သီလဆိုသည် ကား ငါးပါးသီလမှစ၍ဆယ်ပါးသီလသည် ကာယကံ ကြူးလွန်မှုဝစီ ကံကြူးလွန်မှုများကို စောင့်ထိမ်းရပါ၍ သီလတွင် သမ္မာဝါစာ-သမ္မာ ကမ္မန္တ-သမ္မာအာဇီဝ တည်းဟူသော လောကီမဂ်သုံးပါး ရသည် အ တွက် ဒါနကုသိုလ်ထက် အကျိုးကြီးအတွက်သည် ဝိတက္ကမကိလေသာ သည် သီလစောင့်ခိုက် လုံခြုံသောကြောင့် လူဘုံထက် မြတ်သောနတ်၏ စည်းစိမ်ကိုခံစံစားရပါသည် နိဗ္ဗာန်ကိုကားမရနိုင်သေ အနုသယတည်း သက္ကာယဒိဋ္ဌိ မပြတ်သေးသောကြောင့် မဂ္ဂင် ရှစ်ပါးမှာလဲ မဂ္ဂင် သုံးပါး မျှသာ ရသောကြောင့်တည်း သီလသည် မြတ်စွာဘုရား ပညတ်တော် မူသော ဝိနည်းဒေသနာဖြစ်၍ ဝိနည်းဆောင် ပုဂ္ဂိုလ် ခဏ တဒင် သီလ

စောင့်နေခိုက် ရပေ၏။ သို့ကြောင့် သီလတော သုခိတ္တာဟူ၍ ဆိုပေသည် ကျန်သောပရိယုဋ္ဌာန ကိလေသာမှာ အပြင်သို့ နှုတ်ဖြင့်ကြူးလွန်သော ဆဲရေးတိုင်းထွာမှု သီချင်းဆိုမှု ပိသုဏ ဝါစာ မုသာဝါစာ ဝစီကံနှင့် ကာယဒုစရိုက် သောင်းကြမ်းကြူးလွန်မှု ကာယကံကို သီလဖြင့် လုံခြုံစေကာမူ စိတ်ထဲ ဝမ်းထဲ၌ ကိန်းအောင်းနေသော လောဘမှု ဒေါသမှု မနာလိုမှု ကြီးပွါးလိုမှု အာရုံ ခြောက်ပါးကို လိုချင်မှု တို့ဖြစ်သော ပရိယု ဋ္ဌာန ကိလေသာတို့ကိုကား၊ သမထ ဘာဝနာ တည်းဟူသော ပညတ်အာရုံသမထ လေးဆယ် အနုဿတိ ဆယ်ပါး ကသိုဏ်း ဆယ်ပါး အသုဘ ဆယ်ပါး ဗြဟ္မာ ဝိဟာရ တရားလေး အာဟာရပဋိ ကူလသညာ တို့၌ တခုခုသော ပညတ်အာရုံကို တမျိုးထဲ တခုထဲ စိတ်မှာ စွဲမြဲအောင် တော - တောင် လူ-သူ-မနီး ဆိတ်ငြိမ်ရာ ဒေသ သို့ သွား၍ ဗ လိ ဗော ဓ ဆယ် ပါး တည်းဟူသော ဥစ္စာပစ္စည်း သား - မယား ဆွေမျိုး ရပ်ရွာတို့ကို စွန့်လျက် သမာဓိ စခန်းတည်း သမ္ဘာ - ဝါယမ - သမ္မာသမာဓိ-သမ္မာ သတိသုံးပါး မလစ်စေမူ၍ အားထုတ်ပါလျှင် စိတ်ထဲ ဝမ်းထဲ၌ ကိန်းအောင်းနေသော ကာမဆန္ဒ ဗျာပာဒဆန္ဒ- ထိနမိဒ္ဓ - ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ-စသော နီဝရဏတရားခြောက်ပါးကိုသမုစ္ဆေဒဖြင့်မပြတ်သော်လည်း အလယ်အလပ်စား ဝိက္ခမ္ဘနအားဖြင့် ပြတ်၍ ဈာန်ကိုရပြီး အမျိုးမျိုးဘန်ဆင်းနိုင်သော တန်ခိုးသတ္တိဖြင့် ရှေ့ကို ကမ္ဘာလေးဆယ် နောက်ကို ကမ္ဘာလေးဆယ်တိုင်မြင်သိစွမ်းနိုင်သော ဒေဝိဋ္ဌရသေ့ကြီး ဥဒကရသေ့ကြီး ဥဋ္ဋါလ ရသေ့ကြီးတို့သည် သမထ ဘာဝနာတည်းဟူသော အကျိုးအာနိသင်သည် သေဆုံးသော်လည်း အောက်သံသရာနှင့် အလယ်သံသရာ၌ မဖြစ်မူ၍ အထက် သံသရာ၌ ဗြဟ္မာကြီးများဖြစ်ကြ၍၊ အသက်ကား ကမ္ဘာငါးဆယ်မှ ထောင်ထိ သက်တမ်း ရှည်လျက် နေရငြား သော်လည်း၊ အနုသယ တည်းဟူသော ဘဝကို ဖြစ်စေတတ်၊ ရစေတတ်သော ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ၊ သက္ကာယ ဒိဋ္ဌိကြီး အမြဲ ကိန်းအောင်းလျက် ပါနေမှုကြောင့်၊မာနမီး၊ပဒမီး အပမာဒမီး တဟုန်းဟုန်းတောက်လောင်လျက်၊ ပုထုဇဉ်တနှင့် အသက်တမ်း ကုန်လျှင်၊ သံသရာ

တည်း ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်နှင့် မကင်းမူ၍၊ အောက် သံသရာသို့သာ ခေါင်းစိုက်ကျ၍ လာကုန်၏။

၁၀။ သို့ကြောင့်မြတ်စွာဘုရားသခင်သည်၊ မေ့ပဒပါဠိတော်၌ဟော ကြားတော် မူသည်မှာ - ပါဠိတော် တဏှာ ဒုတိယော ပုရိသော ဒီဃ မဒ္ဓါန သံသာရံ ဣတ္ထဘာဝံ အညထာဘာဝံ သံသာရံ နာတိဝတ္တတိ။

(**အနက်သော်ကား**) တဏှာဒုတိယော အနုသယ တဏှာမကင်း ၍ပါရှိနေသော ပုရိသော လူ - နတ် - ဗြဟ္မာ မကြွင်း သတ္တဝါခပင်းတို့ သည်၊ဒီဃမဒ္ဓါနံ ရှည်မြင့်လှစွာ အဓွန့်ကြာလှသော သံသာရံ တပြောင်း ပြန်ပြန် ဘဝအမျိုးမျိုး အဖန်ဖန် အခါခါ လှည့်လည်ပါသော သံသရာ ကာလ ပတ်လုံး ဣတ္ထဘာဝံ၊ ဤသို့သော နည်း အခြင်းအရာ အားဖြင့်၊ မြတ်သော သုဂတိဟု ဆိုအပ်ကုန်သော အညာထာဘာဝံ တပါးသော အခြင်း အရာ အားဖြင့် ဖြစ်ကြကုန်သော ယုတ်ညံ့သည် ဒုဂ္ဂတိ ဘုံသို့ သာလျှင်၊သံသာရံအထက်သံသရာ၊ အောက်သံသရာကို (၀ါ) အဝိဇ္ဇာ တဏှာ-မာန - ဒိဋ္ဌိ -ဝိစိကိစ္ဆာတို့ အမြဲ အနုသယ ကိလေသာမပြတ်၍၊ သံသရာ ခရီး ခဲ - ကို နာတိဝတ္တတိ မလွတ်နိုင် မလွန်နိုင် နတိဝတ္တတိ ဒိဋ္ဌမဂ္ဂါ တဏှာ မပြတ်သမျှ မုချ မလွတ်မြောက်နိုင်သည်သာ ဖြစ် တော့၏။

(**အဓိပ္ပါယ်ကား**) ထိုမေ့ပဒ ပါဠိတော်၏ အဓိပ္ပါယ်သော်ကား ဝိတက္ကမကိလေသာ တည်းဟူသော ကာယကံ-သောင်းကျန်းမှု ဝစီကံ သောင်းကျန်းမှုကို သီလမြဲလေလေ တဒင်္ဂမှ ဝိက္ခမ္ဘန ဖြစ်သော ခဏမှ ကြာကြာငြိမ်နေ သေနေ၍၊ ဝိနည်းတရားကို စောင့်ထိန်းသည်မည်သော ကြောင့် စုတေမနေသေလွန်မှု သီလတော သုစိဏ္ဏာ ဟူသည်နှင့်အညီ အလယ် သံသရာ လူ့ပြည်မှ လွန်၍၊ နတ်ပြည် နတ်တို့ ဘုံသို့ လားရ၊ ရောက်ရတော့၏။ အဝိဇ္ဇာတဏှာ-မာန-ဒိဋ္ဌိ-ဝိစိကိစ္ဆာတို့ကား၊ဝမ်းထဲ စိတ်ထဲ၌ အမြဲပါနေသော နတ်တို့၏ ပြည်၌မမြဲပါ၊ စုတေမနေ သေလွန် က၊ အောက် သံသရာ အပါယ် လေးဘုံသို့ ခေါင်းစိုက်ရ ပြန်တော့၏။ ပရိယုဋ္ဌာန ကိလေသာ တည်းဟူသော အပြင်သို့ မထွက်ဘဲ၊ လောဘ ဒေါသ - မာန ဒိဋ္ဌိ - ဝိစိကိစ္ဆာ တို့နှင့် တကွ စာမျက်နှာ (၂၀) အပိုဒ်

(၉)၌ ဘော်ပြခဲ့ နိဝရဏ တရား ခြောက်ပါး တို့ကို သမာဓိ ဟူသော ပညတ်အာရုံနှင့် သမထ ဘာဝနာကို အားစိုက် ခွန်စိုက် အားထုတ်ရာ အနုသယ ကိလေသာကား၊ မသော - နိဝရဏ ခြောက်ပါး သေးခြင်း၊ ဝိက္ခမ္ဘနာသတ္တိဖြင့် အထက်သံသရာ တည်းဟူသော ပုထုဇဉ်ဗြဟ္မာကြီး ဖြစ်လျက် တဏှာ- မာန-ဒိဋ္ဌိ- ဝိစိကိစ္ဆာ-သက္ကာ မပြုတ် မသေ၍၊ ဆိုခဲ့ပြီး ပြခဲ့ပြီး၊ ပုတုဇဉ် ဒေဝိဋ္ဌရသေ့ကြီး၊ ဥဒကရသေ့ကြီး၊ ဉဋ္ဌာလရသေ့ကြီးတို့ကို သိရာ၏။

၁၁။ သို့ကြောင့်သီလနှင့်လဲအနုသယကိုသေအောင်မနိုင် ဝိတက္ကမ ကိလေသာ မျှသာ နိုင်နင်း၍၊ သမထတည်း ဘာဝနာနှင့် သတ်ရာလဲ၊ ဝမ်းထဲ၌ ကိန်းနေသော နိဝရဏ တရား ခြောက်ပါးကိုသာ ငြိမ်စေလျက် ပရိယုဋ္ဌာန ကိလေသာ ကိုသာ နိုင်သော သုတ္တန်ဆောင် ပုဂ္ဂိုလ် ချာန်တန်းခိုး ရစေလျက်။ ပုထုဇဉ်ဗြဟ္မာဖြစ်လျက်၊ ဘဝ မြေရှိလျက်၊ အောက်သံသရာသို့ လယ်ရပြန်တော့၏။ ဤသို့သံသရာ၌ ကြင်လည်ကြကုန်သော လူ-နတ် - ဗြဟ္မာ သတ္တဝါတို့အား ထိုထိုဘဝမှ ကျွတ်လွတ် စေခြင်းငှါ၊ သဗ္ဗညုတညာဏ်တော်ဖြင့် အဘိဓမ္မာဒေသနာတော်ဖြင့်၊ ဘဝ၏လွတ်မြောက်ရာ၊ မူလ အရင်း အမြစ် အဝိဇ္ဇာ - တဏှာ- ဝသေန-ဒွေ မူလနိ ဟူ၍၊ ဟောကြားတော်မူ ပေသည်။ ဤ အဝိဇ္ဇာ - တဏှာ ဆိုသည် မသိမှုနှင့် အာရုံခြောက်ပါး၏ ဆာလောင်လိုချင်မှုသည်၊ လူ့ခန္ဓာ-နတ်ခန္ဓာ-ဗြဟ္မာခန္ဓာ ဘဝကို ရစေသော မျိုးစေ့နှင့် တူသော အနုသယ ကိလေသာကိုခေါ်၏။ ဤအနုသယ ကိလေသာကို သီလနှင့် သတ်၍မျိုးမပြတ်နိုင် သမထဘာဝနာသတ်၍လဲမျိုးမပြတ်နိုင် ပညာတည်းဟူသော လက်နက်၊ ဝိပဿနာ ဘာဝနာနှင့်သတ်မှသာလျှင် ဘဝ ကို ရစေ ဖြစ်စေ နိုင်သော အနုသယ ကိလေသာသေနိုင်၍၊ ဘုရားရှင်ဖြစ် ပွင့်တော်မူလာသည် အခါ၊ သီလ- သမာဓိပညာဟူသောနည်းကို မဂ္ဂင်ရှစ်ပါး ၏ အကျဉ်းချုံး၍ ဟောကြားတော်မူပေသည်။

၁၂။ အနုသယ ကိလေသာမှာ ခုနစ်ပါးရှိ၏။ ထိုခုနစ်ပါး တို့ကား ရေသောက်မြစ်ကြီး ပေတည်း။ ဤဘဝ ကို ဖြစ်စေတတ်သော အနုသယ ကိလေသာတို့မှာ— (၁) ကာမရာဂ-နုသယ။ (၂) ပဋိဃာ-နုသယ။

(၃) မာနာ-နုသယ။ (၄) ဒိဋ္ဌာ-နုသယ။ (၅) ဝိစိကိစ္ဆာ-နုသယ။ (၆) ဘဝရာဂ-နုသယ။ (၇) အဝိဇ္ဇာ-အနုသယ ဟူ၍ ရှိကြရာဝယ်၊ ရှေးဦး အပါယ်ဘုံ၊ အောက်သံသရာ၊ ငရဲ- တိရစ္ဆာန်- ပြိတ္တာ- အသူရကာယ် ဘုံမှ လွတ်မြောက်ရေး အတွက်၊ ပညတ်နှင့် ပရမတ် နှစ်မျိုးကို ခွဲခြား၍၊ စိတ်ထဲ ဉာဏ်ထဲ၌၊ သိဘို့ နားလည်ဘို့ အရေး ကြီး၍ ပညတ်သိဆိုသည်မှာ ပကတိမျက်စေ့ဖြင့်မြင်မြင်သမျှ လူ-ကျား-မ-တောတောင်-ရေ-မြေ-သစ်ပင် ကျောင်း ဇရပ်-အရောင်-အဆင်း အဖြူ-အနီ-အမဲ-အလင်းရောင်-အမှောင်-ကောင်းကင်-နက္ခတ်-ကြယ်-လ-နေတို့က ပကတိ မျက်စေ့ဖြင့် မြင်နိုင်ခြင်း တနည်းအာရုံဖြင့် မိမိ ရောက်ဘူးသည့် မြို့ရွာ-လူ-ဘုရား-ဂူ-ကျောင်း-ပြဿဒ် - တန်ဆောင်း - စေတီတို့သည်လဲ ပညတ် အာရုံဖြစ်ကြ၏ ပရမတ်မဟုတ်သေး ပရမတ်ဆိုသည်မှာ အဟုတ်ရှိသောတရား အမှန်ရှိသောတရားမျိုးအစစ်အမှန်ဖြစ်၏ပညတ်ကား ပညာမြင် ပညာသိမဟုတ် အဝိဇ္ဇာမြင် မသိမှု အမြင်သာဘည်း (ဥပမါကား) တိမ်သလာဖုံးကွယ်နေသူအား လူ၊ ကောင်းကင်၊နက္ခတ်ကြယ်တာရာ တို့ကို မမြင်နိုင်ဘိသကဲ့သို့ ပုထုဇဉ် တို့ကား ပရမတ် ဓာတ်သား ဓာတ်အနှစ် - ဓာတ်အစစ်ကို မြင်နိုင်မည် မဟုတ် ဉာဏ်မျက်စေ့တည်းဟူသော မှန်ဘီလူးတပ်၍ကြည့်မှ မြင်နိုင်သည် မြင်နိုင်၏ ပရမတ်ကို သင်္ဂြိုဟ်ကျမ်း၌ စိတ်-စေတသိက် ရုပ်-နိဗ်-လေးရပ် ပရမတ် ဟူ၍ ခေါ်ဆို၏ ၄င်းအချက်၌ စိတ်-စေတသိက် ရုပ်-တို့ကား သခ်တနယ်ပြုပြင်ခြင်းရှိသည် နိဗ်-ဟူဆိုသော နိဗ္ဗာန်ကား ပြုပြင်ခြင်း ဖြစ်ခြင်းပျက်ခြင်း မရှိအမြဲတည်တံ့ခိုင်ခန့်သောတရားဖြစ်၏၊ စိတ်-စေတသိက်-ကိုထင်ရှားစွာသိစေရန် ပညာသိ-သိရန်ကား ကုသိုလ်ပြုလုပ်ရာ ဒါနမှု-သီလမှု-ကုသိုလ်ကား အထယ်ဒြပ်ရှိသလား အရောင်အဆင်းကား ရှိသလားဟု စီစစ်လေ ထိုတူ ဒေါသစိတ် -လောဘစိတ်ကား စီစစ်ပါက အထယ်ဒြပ် သဏ္ဌာန် အရောင်းအဆင်းကားရှိသလားဟု စီစစ်က လုံး၀ အထယ်ဒြပ် သဏ္ဌာန် အရောင် အဆင်းကား မရှိကြောင်းကို သိရှိကြပါလိမ့်မည် ၄င်းလောဘ-ဒေါသစိတ်သည် ခိုး-ဝှက်ခြင်း လုယက်-ထားပြတိုက် ပြန်ပေးမှု ကြူးလွန်ခြင်း ဒေါသစိတ် အတွက် သတ်ဖြတ်ခြင်းကား-ကုသိုလ်လား အကုသိုလ်လား စီစစ်ပါက ခိုးဝှက်တိုက်ခိုက်ခြင်း၊ ထား

ပြတိုက် ပြန်ပေးဆွဲ သတ်ဖြတ်မှုကား အကုသိုလ် အစစ်ဖြစ်ကြောင်းကို လည်းသိရှိကြပါလိမ့်မည် ဤအကုသိုလ် ပြုမှုကား အကုသိုလ်ကံဟူ၍လည်း သိကြပါလိမ့်မည် ဤအကုသိုလ်ကံကား အထယ်ဒြပ် အဆင်းသဏ္ဌာန် မမြင်ရ မရှိသော် အကျိုးကားပေး၏ ပေးသောအကျိုးကား ကောင်းသော အကျိုးကိုမပေးဘဲ မကောင်းသော အကျိုးကိုသာ ပေးတတ်၍ အကြောင်းမကောင်းမှုသည် အကျိုးပေးမကောင်းသော ဒုဂ္ဂတိဘုံငရဲ တိရစ္ဆာန် ပြိတ္တာ - သူရကာယ် အောက်သံသရာသို့သာ ပေးသောကြောင့် မဖေါက်ပြန်ဟုတ်မှန်ရာကိုပေးတတ် ဆောင်တတ်သောကြောင့် ပရမတ်မည်၏ ထို့အတူ ဒါန ကုသိုလ် သီလဆောက်တည်သော သီလကုသိုလ်အပေါင်းက အကြောင်းရင်း ကုသိုလ်ကံသည် အကျိုးကား၊ ငရဲဘုံ တိရစ္ဆာန်ဘုံ-ပြိတ္တာဘုံ-အသူရကာယ်ဘုံသို့ အကျိုးမပေးမူ၍သုဂတိဘုံဟုဆိုသော လူ့ပြည် နတ်ပြည် ခြောက်ထပ်သို့သာ အကြောင်းမှန် အကျိုးမှန် အကြောင်း၏ အကျိုးပေးခြင်းကား ကုသိုလ်ပရမတ် ဖြစ်ပေသည် သို့ကြောင့် ကုသလာ ဓမ္မာ-အကုသလာ ဓမ္မာဟူ၍ ကုသိုလ်လည်း တရား အကုသိုလ်လည်းတရားဟူ၍ ဒေသနာ၌ ဟောတော်မူသည်နှင့် အညီ လူတို့ကျင့်ဝတ် အောက်သံသရာနှင့် ဝေးစေခြင်းငှါ ကိုယ်ကျင့်တရား ငါးပါးသီလကို ဆောက်တည်ကြပေသည် ဤငါးပါး သီလကား ကိုယ်ကျင့်တရား ငါးပါးသီလကို ဆောက်တည်ကြပေသည် ဤငါးပါးသီလကား ကိုယ်ကျင့်တရား လူတို့အတွက် ခါးဝတ်ပုဆိုးကဲ့သို့အမြဲ လောကပါလ တရားကြီးဖြစ်သော ကုသိုလ်တရားဖြစ်ပေကြောင်းသိရှိပါလိမ့်မည် ဤကုသိုလ်တရား ကုသလာဓမ္မာ အကုသိုလ်တရား အကုသလာ ဓမ္မာကား၊ ပကတိမျက်စေ့ဖြင့်မမြင်နိုင်၊ ပညာမျက်စေ့နှင့်သာမြင်နိုင်၊ ပရမတ် အစစ်ဖြစ်ကြောင်း သတိပြုပါလေ ထိုကုသလာဓမ္မာ ကုသိုလ်တရားနှင့် အကုသလာဓမ္မာ၊အကုသိုလ်တရားသည် လူခန္ဓာ-နတ်ခန္ဓာ-ဗြဟ္မာခန္ဓာ ရှိစိတ်မှဖြစ်ပေါ်လာ၍ စိတ်သည်ပရမတ်ဖြစ်ကြောင်းထင်ရှား၏ ဤသည်ကား၊ ဒေသနာတော်၌ ပရမတ် သစ္စာဟု ခေါ်၏ သစ္စာကား အမှန်ရှိ အဟုတ်ရှိ တကယ်ရှိသော တရားဖြစ်ပေ၏ ဟူ၍ လည်းကောင်း သတိချပ်ပါလေ၊သမုဒ္ဒိ သစ္စာဟူသည်မှာကား သတ္တဝါအပေါင်းတို့၏ စိတ်၌ မှတ်စွဲလမ်း၍ ခေါ်ဝေါ်ရုံ အသိအမှတ်ပြုဘို့ရာအမည်-နာမ-လူ-ကျား-

မ-တိရစ္ဆာန်တည်း ဟူ၍ အသက် ဝိညာဉ်တက-တော-တောင်-ရေ-မြေ-သစ်ပင် သမုဒ္ဒရာ ပင်လယ် ကောင်းကင် နက္ခတ်-ကြယ်လ-နေဟူ၍ အမည်အမျိုးမျိုးဝတ္ထု၏သဏ္ဌာန် အသက်မဲ့ အဝိညာဉ်နကတို့ကို ပညတ်အနေဖြင့် ခေါ်ဝေါ် သုံးစွဲခြင်းကို သမုဒိသစ္စာဟု ခေါ်၏ ထိုသို့ ပရမတ်သစ္စာ သမုဒိသစ္စာ ရှိကြောင်းကိုလည်း သိနှင့်ရပါ၏။

၁၃။ သတ္တုချလိုက်သည်ရှိသော် လူ-သတ္တဝါတို့ခေါ်ဆိုကြသော ပကတိမျက်စေ့အမြင် လူ-ကျားမ-တော-တောင်-ရေ-မြေသစ်ပင် သမုဒ္ဒရာ ကောင်းကင် ကြယ် နက္ခတ်-နေ-လဟူ၍မရှိ သဘာဝသဘောတရားမျှသာရှိသည်ကား အမှန်ဖြစ်၏ ဤနေရာ၌ ပညာသိသိဘို့ရာနက်နက် နဲနဲကြံစည်အားထုတ်ပါ သိလွယ်သော ဥပမာပြရသည်ရှိသော်.... နေ့စဉ်သောက်နေကြ ကော်ဖီတခွက်၌ သကြား နို့ ကော်ဖီမှုန့်ရေနွေး လေးဦးလေးမျိုး စပ်မှကော်ဖီ ဖြစ်ဘိသကဲ့သို့လည်းကောင်း လူ့သဏ္ဌာန်-တိရစ္ဆာန်-သဏ္ဌာန်တို့မှာကား မုန့်ညက်ကို ရေနှင့် နယ်လိုက်လျှင် အတုံးအခဲ ဖြစ်လာက လူရုပ်-လူသဏ္ဌာန်-နတ်ရုပ်-ဘီလူးရုပ်-တိရစ္ဆာန်ရုပ် အမျိုးမျိုးကို ပြုလုပ်နိုင်ဘိသကဲ့သို့ မိမိပြုလုပ်ခဲ့ဘူးသော ဒါနကုသိုလ် သီလကုသိုလ်သည် အကြောင်းရင်း၏ အကျိုးတရား လူမှာလဲ လူချမ်းသာ လူဆင်းရဲ သူဌေး သူကြွယ် မှူးမတ်-သေနပတိ ဘုရင်လူအမျိုးမျိုးခွဲခြား၍ ဖြစ်ပေါ်လာမှုသည် သန္တါန်၏ အစွမ်းသတ္တိ ကံကပြုပြင်အကျိုးပေးပုံကို သိနှင့်ရာ၏ အောက်သံသရာတည်းဟူသော အပါယ်လေးဘုံ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်တို့ ဖြစ်လာပုံကား မိမိပြုလုပ်ခဲ့သော အကုသိုလ် မကောင်းမှု ကံအတွက် အထက်က စာမျက်နှာ (၁၂) အပိုဒ် ၇-တွင် (က) (ခ) (ဂ) တွင် အဌသာလိနီအဌကထာ၌ပြဆိုခဲ့သည်အတိုင်း အမှန်ဖြစ်ရသောအကြောင်းမကောင်း၍ အကျိုးမကောင်းသောဘုံဘဝသို့ ရောက်ရမည်ဟုသိသင့်ရာ၏။

၁၄။ သို့ကြောင့် မနောပုဗ္ဗင်္ဂမာဓမ္မာ-မနောသေဋ္ဌာ မနောမယာဟူ၍လည်းကောင်း စိတ္တေနနိယျတိလောကော-စိတ္တေနနိယျတိပဇာအစဖြာ၍ ဟောကြားတော်မူသော ဒေသနာတော်နှင့် လျော်ညီစွာ စိတ်ဆောင်ရာသို့သာ ပုထုဇဉ်အများ လူ-နတ်-ဗြဟ္မာတို့ လိုက်ပါနေကြ

သောကြောင့် မာယူပမဉ္စဝိညာဏံ-ဟူ၍ လည်းကောင်း ပါပသ္မိံ ရမ
တေမနောဟူသည် အဝိဇ္ဇာနှင့် တဏှာ-အနုသယကိ လေသာအရင်းခံ
နေသောကြောင့် မနော စိတ်သည် ပါပသ္မိံ - ဒွါရခြောက်ပါး အာရုံ
ခြောက်ပါး၌ သာ ကျက်စား ပျော်မွေ့လိုက် စားလျက် အနုသယ အ
သစ်-ကိလေသာမှု၌သာလျှင် နှစ်ချိုက်သာယာလျက် ရမတေအကုသိုလ်
ဒုစရိုက်နှင့်သာ နေ့-လ-နှစ်-နာရီတိုင်း အမြဲ အပါယ်ဘေး-အပါယ်ဘုံ
သို့ရောက်စေတတ် ဒုစရိုက်မှု အကုသိုလ်ကံကသာ များ၍ နေတော့သ
ဖြင့် အောက်သံသရာမှ လွတ်ခွင့်မမြင် လွတ်စော်မနံ ဖြစ်ရလေတော့
၏။

၁၅။ သို့အတွက် မိမိကိုယ်ကို ရှေးဦးဆုမ္မရာ၏ (ပါဠိတော်ကား)
ဟန္ဒတံသိက္ခာပေဿမိ-ပရဘောဂ-ဝိမောဟက-ယံ-တွံမိံအမှသေဝေန
စိရံ စိန္တတ္တမာနယိ-ဟူ၍ဟောကြားသော ဒေသနာ၏။

**(အနက်ကား)** ပရဘောဂ မှက်-ခြင်-သန်း-ကြမ်းပိုး-ပိုးမျိုးသိန်း
သောင်းများစွာ တပါးသော သတ္တဝါအပေါင်းတို့၏ မှီတင်းနေထိုင်ရာ
အိမ်လည်းဖြစ်ထသောဝိမောဟက-ဝိပဿနာ-အရိယာ-ပညာမျက်စေ့
မရှိကြကုန်သော လူ-နတ်-ဗြဟ္မာတို့သည် အယူဘောက်ပြားအမှားတွေ
ဝေ-အဟုတ်-အဟာတ်-ငါချမ်းသာသည်- ငါစက်ပိုင်ရှင် ငါသူဌေး ငါ၌
ရာထူးဂုဏ် နယ်ပိုင် ဝန်ထောက် ခရိုင်ဝန် တိုင်းမင်းကြီး ငါ သမတ
ငါဘုရင်ဟု ဒိဋ္ဌိ - ငါ - တဏှာ-ငါ-မာန ငါထင်မြင်လေအောင် ဟန်
ဆောင်ခါလှည့်ပတ်နေသေါမျက်လှည့်သည်နှင့်တူသောအကြွင်ရုပ်နာမ်
သည် အမှဝေသေန-ငါမဟုတ်ပါဘဲလျက်ငါရုပ် ငါယောင်ပြီးစွာဆောင်
သဖြင့် စိရံ-အနမတဂ်-သံသရာစက်တွင် မထင်စဆုံး သံသရာရှည်သမျှ
ကာလပတ်လုံး-မံ-ငါ့ကိုယ်-ခိန္နတ္တ-ထိမ်းကြောင်း ကျွေးမွေးနှင့် အရေး
ကြောင့် သွားရေး-သွမ်းရေးအတွက်ပါ အခါမလပ် နေ့ရော - ညည့်ပါ
တော-တောင်-ရေ-မြေ-နေပူ-မိုးစွက် မနေသာဘဲ အားလပ်ချိန်မရ
အောင်လုပ်ကိုင်ရခြင်း ပင်ပန်းခြင်းသို့ အာနယ်-သင်္ချေများစွာ ဘဝ
တိုင်းမှာပင် ဆောင်ရွက်ယူခဲ့လှလေပြီ ရတနာသုံးပါး ဝိပဿနာ ဘာဝ
နာတရားစွန့်ပယ်ထား၍ တံ-ထိုရုပ်-နာမ်ကို ဟန္ဒ-ယခု-အဟံ-သံသရာ

ထွက်လမ်းစုံစမ်းရှာဖွေနိုင်သော မြတ်စွာဘုရား သာသနာတော်တွင်း၌ ကြုံကြိုက်ရပေသော ငါသည် သိက္ခာပေဿမိ-ရထားမောင်းလျှင် မြင်း ကိုနှင်နှင် မောင်းသကဲ့သို့ အခါကောင်းသမယ ဤဘဝ၌ လုံးလယှဉ် မှီး အင်စုံညီလျက်အရိယာ သူတော်အလေ့ နေ့ရောညဉ့်ပါ မတွယ် တာဘဲ ဆက်ခါခါလျှင် အချိန်မှီ၍ မိဋ္ဌာန်စိုက်စိုက် အမြိုက်လုလု ကိုယ် အစုဝယ်ရှုမှတ်တွင်တွင် ဆုံးမတင်၍ လျင်လျင်ပြပေတော့မည် တကား ဟူ၍ မိမိကိုယ်ကို အပြန်ပြန် အထပ်ထပ် တဏှာ-မာန လျော့ပါးရလေ အောင် ဆုမ္မခြင်းရှိမှသာလျှင် မိမိ၏ လူ့ဘဝ၌ အသက်မွေးမှု ဒုက္ခကြီး ကျယ်ပုံကို ပညာ၌ မြင်နိုင်မှသာလျှင် သံသရာမှ လွတ်မြောက်ရန်တရား ကိုရှာတော့မည်ဟူ၍ သတံချပ်ရာ၏ အဘယ်ကြောင့် အသက်မွေးမှု စီး ပွားရေး ကြီးပွားရေး သားရေး သမီးရေး မိမိဇနီးတို့အတွက် အပန်းတ ကြီး နေ့ညမအား လောကီရေး၌သာ အားစိုက် ခွန်စိုက် လုပ်ကိုင်နေ ထိုင်ကြကုန်သော ပုထုဇဉ်များသည်ကား ကိလေသာ ကာမဂုဏ် အာရုံ အနုသယလက်ချက် - ပညာကို အဝိဇ္ဇာဟူသော မသိမှု ဖုံးကွယ်၍မမြ သောအနိစ္စ-ဇာတိဇရာ-ဗျာဓိ-မရဏ တရားကို မေ့လျော့ပြီး သား မယားဥစ္စာ ပစ္စည်း-ရာထူးဂုဏ်-မနေဂုဏ်နှင့်သာ မူးယစ်ပျော်မွေ့လျက် နေ့ရှိသမျှ ရာဂကိလေသာ - လောဘကိလေသာ - မောဟကိလေသာ မာနကိလေသာ တို့သည် ဘဝကိုဖြစ်စေတို့ ရစေတို့ အနုသယ-ကိလေ သာတို့သည် နေ့ရှိသမျှ လ-ရက် နာရီမခြား ပုထုဇဉ်တို့မှာ တသွင်သွင် စီးဝင်နေသော်လည်း ဇိမ်ရှိသူ-ရာထူးဂုဏ်-သူဌေးဂုဏ် ခံသူတို့မှာပျော် ပိုက်လျက် ဘဝင်မြင့်လျက်ပင်ရှိကြ၏ ထိုအတူ တနေ့လုပ် တနပ်စား ကူလီပခုံးထမ်း သူဆင်းရဲတို့မှာလည်း မိမိတို့အလိုက် အနုသယကိလေ သာမှိုင်းမိသော တဏှာ-လောဘဖြင့်သာ ပျော်ပိုက်၍ နေရှာကြသည် သာများတော့၏။ သဗ္ဗေသင်္ခါ-အနိစ္စာ-သဗ္ဗေသင်္ခါ-ဒုက္ခာ-သဗ္ဗေဓမ္မာ အနတ္တာဟူသော ဒေသနာတော်ကို လုံးလုံးပင်သတိမရတော့ဘဲ အ ဝိဇ္ဇာတည်းမသိမှု ပညာမျက်စေ့၌ ကိလေသာ ဖုံးလွှမ်းမှုက ကွယ် ကာ၍ ပျော်ပျော်ရွှင် ဥစ္စာပစ္စည်း သား-မယားတို့နှင့် ဝမ်းမြောက်၍သာ နေနိုင်ကြသည်သာများတော့၏

၁၆။ တရား၏ သဘောကား လူ-နတ်-ဗြဟ္မာ-ဟူ၍ မျက်နှာကြီးငယ်ကို လိုက်စား ထောက်ညှာသည်မရှိ မိမိပြုလုပ်သော ကုသိုလ်အကုသိုလ်ကံ၏ပြုပြင်ရာ သံသရာ မျှသာဖြစ်၍ အောက်ပါဒေသနာကို ဟောကြားဆုမွှသည်ကို သတိပြုပါလေ .... ပါဠိတော်ကား .... .... ပိယလောကံဂစ္ဆန္တိ ပုတ္တဒါတရော- ဝါ-မာတာဝါ-ဘာဂိနီဝါ ဘာဂါဝါ-ဘောဂဝါ နာနုဂစ္ဆန္တိ- သရိယံပိအတ္တာန-ဂစ္ဆန္တိ ဟူ၍ ဆုမွှတော်မူပေသည်။

(**အနက်ကား**) သံသာရေ သံသရာ လောက တည်းဟူသော သံသရာတွင်း၌ မြောပါး၍၊ ပုထုဇဉ် လူ-နတ်-ဗြဟ္မာတို့သည်၊ အဝိဇ္ဇာ ဟူသော အနုသယ ကိလေသာနှင့် ဘဝကို ရကြကုန်သည် ဖြစ်၍၊ ပိယလောကံ ကာမတဏှာ-ဘဝတဏှာ တည်းဟူသော ကိလေသာအစွဲနှင့် ပုတ္တ ဒါတရောဝါ- သားသမီးတို့၌ လည်းကောင်း။ မာတာဝါ-မိဘတို့၌ လည်းကောင်း။ဘာဂိနီဝါ-မိမိမယား၌လည်းကောင်း။အသက်ကိုပေး၍ ချစ်ခင် အားကိုး အားထား စွဲလမ်း ကြကုန်၏။ (ဤကား ကိလေသာ တဏှာစွဲတည်း)။ဘောဂဝါ- ဥစ္စာပစ္စည်း-ရတနာ-ရွှေငွေ-လယ်ယာ-ဥယဉ် တိုက်တာ-ရာထူးဂုဏ်တို့၌ စွဲလမ်းကြကုန်၏။ (ဤကား သက္ကာယဒိဋ္ဌိအစွဲတည်း)။နာနုဂစ္ဆန္တိ မိမိမကျန်းမမာ-ဖျားနာသည်ရှိသော်လည်းကောင်း။ ဇရာ-အိုမင်း သော်လည်းကောင်း မည်သူ တဦးတယောက်မျှ သားသမီး-မယား မိဘတို့သည်၊ သူငါတို့ဝင်၍ ကူညီ-နာမည်-အိုကြမည် ဟူ၍မရှိကြကုန် ထို့အတူသားသမီး မယား-မိဘတို့ဖျားနာ-အိုမင်းရာလဲ၊ မိမိကား မကူညီနိုင်သူ၏ သဘောအတိုင်း ဓမ္မတာ အလျောက်သာ ခံရဖြစ်ကြရ လေတော့၏" သရိယံပိ အလွန်ချစ်ခင် နေကြကုန်သော ကိလေသာတဏှာစွဲ မိဘ-သားမယားတို့သည်။ မိမိအတွက် မကူညီနိုင်ရှိသည် အပြင်၊ မိမိသည်ဘဝ တပါးသို့ ပြောင်းသွားသေဆုံးရာသို့လဲ မလိုက်နိုင် ဘောဂဝါ မိမိရရှိ ထားသော ရာထူး ဂုဏ်ထူးနှင့် ရတနာ-ရွှေငွေ-စိန်ကျောက် တိုက်တာတို့လဲ မြူမှုန်မျှမပါ၊ အတ္တာနဂစ္ဆန္တိ နေ့လနှစ် ရှိသမျှ ပြုပြင်ကျွေးမွေး သုတ်သင်နေသော မိမိခန္ဓာကိုယ် ဥတုဇရုပ်ကြီးလဲ မလိုက်မပါ။ သူ၏မြုပ်နှံရာ သင်္ချိုင်းမှာ နေခဲ့သဖြင့်၊ မိမိပြုလုပ်သမျှ ကု

သိုလ်ကံ-အကုသိုလ်ကံသာလျှင် သံသရာ မဆုံးသမျှ လှည့်သွားရာ အရိပ်ပါသကဲ့သို့ အမြဲတရားဓမ္မ သန်္ခါရသဘောဖြင့် ပါလေတော့၏။

(**အဓိပ္ပါယ်ကား**) သန်္ခါရ လောကကြီးဟူ၍ ခေါ်ဆိုခြင်း၊ ပြုပြင်စီမံ သည်ကို ခံနေရ ကုန်သော သုံးဆယ် တဘုံရှိ လူလူ -နတ်နတ်-ဗြဟ္မာ ပုတုဇဉ် သတ္တဝါတို့ မှာကား၊ မိမိအားကိုးအားထားရာ အလွန်ချစ်ခင် လှသော တဏှာ ကိလေသာ မျက်စေ့ - မျက်လှဲ့သည်၊ ဥပမာ အမြင်မှား အစွဲမှား နေကြကုန် ပုထုဇဉ် လူ နတ်-ဗြဟ္မာ တို့သည်။ မိမိတို့၏ ဝမ်းလဲ စိတ်ထဲ၌ သန်္ခါရ - ဒုက္ခ၊ ဝိပရိကာမ- ဒုက္ခ၊ ယထာဘူတဉာဏ်၊ အမြင်မှန် ဝိပဿနာ ဘာဝနာ ပညာမြင်၊ ပညာသိသို့ မရသေးသမျှ၊ ပြဆိုခဲ့သော သစ်စေ့၏ မျိုးသစ်ပင်ကို ပေါက်ပွား ကြီးထွားစေသည်နှင့်နည်းတူ လူဘဝ၊နတ်ဘဝ၊ဗြဟ္မာဘဝ ကို ဖြစ်စေတတ် ရောက်စေတတ်သော၊ အပါယ် အမွေနှင့် မကင်းသော အနုသယ ကိလေသာ ခုနစ်မျိုးကိုသီလနှင့်လဲ အမြစ်မပြတ်နိုင်၊ သမထ ဘာဝနာနှင့်လဲ အမြစ်မပြတ်နိုင်၊ ပညာစခန်း ဝိပဿနာဘာဝနာနှင့်သာလျှင်၊ ဘဝကိုဖြစ်စေသော အနုသယ ကိလေသာသည်။ သစ်ပင်ကို သေစေလိုက မျိုးမပွားရအောင်၊ အရင်းအမြစ် ဖြစ်သော ရေသောက်မြစ်ကို တူးဖြိုဖြစ် ပစ်မှသာလျှင်၊ သစ်ပင်သည် ဥတုတည်း အာဟာရကို မယူနိုင် မမှီဝဲရ၍၊ တနေ့တပါး အကိုင်းအခက်ပင်စည်မှစ၍၊ညှိုးနွမ်းပြီးသေဆုံးဘိသကဲ့သို့ သီလနှင့်ဘူသော အခက်ကိုချိုင်၍လဲ သစ်ပင်မသေနိုင် သမထဘာဝနာနှင့်တူသော သစ်ပင်၏ ပင်စည်ကို လဲသော်လည်း၊ အငုတ်ကျန်သေး၍၊ အညွန့်အတက်ထွက်ပြီး သစ်ပင်သည် ရှင်သန်နိုင်သည်နှင့်အတူ သမထဘာဝနာဖြင့်လဲ မသေ နိုင်သော အနုသယ ကိလေသာကို ပညာတည်းလက်နက်၊ ပရမတ်သက်သက်၊ ပညတ်မရော၊ ဝိပဿနာ ဘာဝနာဖြင့်သတ်ရာ၏ဟူ၍ သတိချပ်ရာ၏။

၁၇။ သို့ဖြစ်သောကြောင့် မြတ်စွာ ဘုရားသည်၊ လူ-နတ်-ဗြဟ္မာသတ္တဝါအပေါင်းတို့အား သေခြင်း၊ နာခြင်း၊ အိုခြင်း၊ ပဋိသန္ဓေနေခြင်း၏၊ ကင်းရာလွတ်ရာ သန္တိသုခ ဟူသော နိဗ္ဗာန် ချမ်းသာကို ရစေခြင်းငှာ၊ရောက်စေခြင်းငှာ သီလနှင့်တင်းတိမ်၍မနေနှင့် သမထဘာဝနာနှင့်

လဲတင်းတိမ်၍မနေနှင့် ဝိပဿနာဘာဝနာကို ပွားများမှသာလျှင်၊ သော-နာ-အို-ပဋိသန္ဓေ ဘေးကြီးမှ လွတ်ဟူ၍-

(က) သဗ္ဗေ သင်္ခါရာ အနိစ္စာတိ ယဒါ ပညာ ယပဿတိ အထ နိဗ္ဗိန္ဒတိ ဒုက္ခေသောမဂ္ဂေါ ဝိသုဒ္ဓိယာဟူ၍ ဟောကြား ဆုမ္မတော်မူပေ၏။

**(အနက်ကား)** သဗ္ဗေ ခပ်သိမ်း ကုန်သော သင်္ခါရာ ကံ- စိတ်- ဥတု- အာဟာရ အကြောင်းတရား လေးပါးတို့ ပြုပြင်ခြင်းကို ခံနေရကြ ကုန်သော ခန္ဓာ ငါးပါး ရုပ်-နာမ် တရားသာ ရှိကြသည့် လူ-နတ်-ဗြဟ္မာ-သတ္တဝါ အပေါင်း တို့သည်၊ အနိစ္စာတိ တသွင်သွင် ပျက်စီး၍ အမြဲမရှိ အနိစ္စ တရားသာ ဖြစ်၏။ ယဒါ အကြင် အခါ၊ ပညာ ယပဿတိ ဝိပဿနာတည်း ပညာဖြင့် ရှုသည်ရှိသော် အထ ထို အခါ ၌၊ နိဗ္ဗိန္ဒတိ မမြဲသော သဘောကို တွေ့မြင်ရ၍၊ ငြီးငွေ့ ရ တော့၏ သော - သော ဤသို့ ငြီးငွေ့ခြင်း ဖြစ်လာသော် ပျော်ပိုက် နှစ်သက်စရာ မရှိ မြင်လာသည် ရှိသော် ဒုက္ခေ-ဤခန္ဓာဝန် (ဝ ါ) မိမိ၏ ခန္ဓာငါးပါး၊ ရုပ်-နာမ် တရားတို့၌၊ နှစ်သက်တွယ်တာမရှိတော့ဘဲ၊ မဂ္ဂေါ နိဗ္ဗာန်တည်းဟူသော သွားရာ ခရီးလမ်းသည်၊ ဝိသုဒ္ဓိယာ စင်ကျယ် သန့်ရှင်းသို့ ရောက်တော့၏။

**(အဓိပ္ပါယ်သော်ကား)** မိမိ၏ ခန္ဓာ ငါးပါး ရုပ်-နာမ် တရားနှစ်ပါး သည်ကား၊ ကံ- စိတ်- ဥတု-အာဟာရ အကြောင်းတရားလေးပါး ထောက်ပံ့ပြုပြင်ခြင်းရှိလျက် မမြဲ သော အနိစ္စ သဘောဖြင့်၊ အစဉ်ပျက်စီး နေသော မိမိ၏ ခန္ဓာကိုယ် ရုပ်-နာမ် နှစ်ပါးသည် အားကိုးမရ ဒုက္ခသာဟု ဉာဏ်ဝ၌ ထင်လာသော် ခန္ဓာငါးပါး ရုပ်-နာမ် နှစ်ပါး အပေါ်၌ ငြီးငွေ့ လာသော အာရုံ၊ စိတ် သန့်ရှင်း စွာသော နိဗ္ဗာန်သွားရာ ခရီးလမ်းအမှန် ဖြစ်တော့သည်။ ဤသို့ ရှုမှတ် ခြင်းဖြင့်၊ ကိလေမှစင်၏။

(ခ) သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ ယဒါ ပညာယ ပဿတိ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ ဟူ၍ ဒုက္ခကို မြင်စေလို၍ ဟောကြားတော်မူ၏။

**(အနက်ကား)** သဗ္ဗေ ခပ်သိမ်း ကုန်သော သင်္ခါရာ၊ ကံ-စိတ်-ဥတု-အာဟာရ တည်း အကြောင်းတရားလေးပါး ပြုပြင်ခြင်း ရှိကြ ကုန်သော ခန္ဓာ ငါးပါး၊ ရုပ်-နာမ် တရား နှစ်ပါး ရှိကြကုန်သော လူ-နတ်-ဗြဟ္မာ သတ္တဝါ အပေါင်း ဖြစ်ပျက်ခြင်း အမြဲတစေခံနေရသောကြောင့် ဒုက္ခဆင်းရဲ၏။ ဣတိ-ဤသို့ ယဒါ အကြင် အခါဖြင့်၊ ပဿတိ- ဝိပဿနာ ပညာဖြင့် ရှုခြင်း သိရပေတော့၏။ အထ-ထိုအခါ၌ ဒုက္ခေ-ခန္ဓာငါးပါး ရုပ်-နာမ် နှစ်ပါး၏ ဝန်ကို ရွက်ဆောင် ရခြင်းသည် ဒုက္ခကိုမြင်၍၊နိဗ္ဗိန္ဒတိ ငြီးငွေ့စရာ ဖြစ်တော့၏။ ဧသော ဧသော ဤသို့ - ဤခန္ဓာ ငါးပါး ရုပ်-နာမ် တရား အပေါ်၌ ငြီးငွေ့သည်ရှိသော် ခန္ဓာငါးပါး ရုပ်-နာမ် တရား နှစ်ပါး၌ တွယ်တာမရှိ မနှစ်သက်ဘဲ၊ မဂ္ဂေါ - ချမ်းသာတို့၏ တကာ နိဗ္ဗာန်တည်းဟူသော သွားရာခရီးလမ်းသည်၊ဝိသုဒ္ဓိယာစင်ကျယ် သန့်ရှင်းစွာ တမ်းတမ်းရောက်တော့၏။

**(အဓိပ္ပါယ်ကား)** မိမိ၏ ခန္ဓာကိုယ်တွင် ရှိသော ရုပ်နာမ်တရားနှစ်ပါးကို ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်က၊ တဖွားဖွား တလုပ်လုပ် တရွရွ ဖြစ်ပေါ်နေသော ရုပ်-နာမ် တရားသည်ဖြစ်ပေါ်တိုင်း တည်တန့်သည်မရှိ၊ ဖြစ်လိုက် ပျက်လိုက် တလဇက် ဖြစ်အစ ဥပါဒ် ပျက် အဆုံး၊ ဘင် - ကိုသာ တွေ့မြင် ရသောကြောင့် ခန္ဓာ ကိုယ် ရုပ်-တရား၏ ဖြစ်ပျက်နေသော အသိစိတ် - နာမ် တရားပါ အတွဲလိုက် အတွဲလိုက် ဖြစ်မှုနှင့်ပျက်မှု ဒုက္ခတုံး-ဒုက္ခခဲကိုသာ ဉာဏ်ထဲ-စိတ်ထဲမှာ တွေ့ရမြင် နေရသောကြောင့်။ ခန္ဓာငါးပါး ရုပ်-နာမ်နှစ်ပါး အပေါ်၌ တွယ်တာခြင်း နဲပါးလျက်၊ တစတစရင် သန်လာ

ခြင်းဖြင့်၊ငြိမ်းအေးသော နိဗ္ဗာန်ဥာဏ်သို့ ရောက်၏။ ဤသို့ ရှုမှတ်ပွားများက ကိလေသာမှ စင်ကျယ်၏။

(၈) သဗ္ဗေဓမ္မာ အနတ္တာတိ ယဒါပညာယ ပဿတိ အထ နိဗ္ဗိန္ဒတိ ဒုက္ခေသော မဂ္ဂေါဝိသုဒ္ဓိယာ။

(**အနက်ကား**) သဗ္ဗေ ခပ်သိမ်း ကုန်သော ဓမ္မာ ဘုံလေးပါး၌ရှိသော တရားသည်။ လူ-နတ်-ဗြဟ္မာဟူ၍ အလိုသို့ မလိုက် သဘာဝ အားဖြင့် တစုံ တယောက်သူတို့ ပြုပြင်တားမြစ် ဆီးကာခြင်းငှာမနိုင်ခြင်း သံဘောတရား တို့သည် အနတ္တအစိုးမရ၊ အလိုသို့မလိုက်၊ အကြိုက်မပါ။ ဣတိ-ဤသို့ ယဒါ အကြင်အခါ၌ ပညာယ ပဿတိ ဝိပဿနာ ပညာဖြင့် ရှုမှတ်သည့်အခါ၊ဒုက္ခေ-ဤခန္ဓာငါးပါး ရုပ်-နာမ်တရား နှစ်ပါး၏ ဝန်တာသည် ကြီးလေးသော ဒုက္ခကို တွေ့မြင်ရသဖြင့် နိဗ္ဗိန္ဒတိ နိဗ္ဗိန္ဒဥာဏ်ဖြင့် ငြီးငွေ့ လာတော့၏။ သောသော ဤသို့-ခန္ဓာငါးပါး ရုပ်-နာမ် တရားနှစ်ပါး အပေါ်တွင် ငြီးငွေ့လာသည်ရှိသော် ဝိသုဒ္ဓိယာ ကိလေသာ တည်းဟူသော အနုသယကို စင်ကျယ် စေခြင်း ဖြစ်သော မဂ္ဂေါ-နိဗ္ဗာန် တည်းဟူသော သွားရာလမ်းဖြစ်တော့၏။

(**အဓိပ္ပါယ်ကား**) အနတ္တ ဟူသော သဘော တရားသည် ဘုံလေးပါးလုံးတွင် သူ၏သဘာဝ သဘော အတိုင်းတားဆီးမရ အလိုသို့မလိုက် အစဉ်ဖြစ်မှု၊ ဥဒါဒ်ပျက်မှု ဘင်အတိုင်းကိုသာ ဆောင်နေ သောကြောင့် ခန္ဓာငါးပါး ရုပ်-နာမ် တရားနှစ်ပါး ရှိနေကြ ကုန်သော လူအရပ်ရပ် - နတ်အထွေထွေ၊ ရေမျိုး ကုန်းမျိုး၊ သတ္တဝါ ဟူသမျှသည် သုခဟူ၍ မြူမျှမဖက် ဒုက္ခသဘော သက်သက်သာ ဖြစ်သောကြောင့်၊ မိမိပြုလုပ်သော ကုသိုလ်-အကုသိုလ် အကြောင်းတရား အလျောက်သာ ဖြစ်ကြရလေသည်။ဤဂါထာတော် ဒေသနာ သုံးပုဒ်ကား သံသရာမှ ထွက်မြောက် လိုသော

ယောဂီပုဂ္ဂိုလ် အတွက် သိရှိရန် ဓမ္မပဒ ပါဠိတော်၌ ဟော ကြားမူသော ဒေသနာကို ဘော်ပြလိုက်သည်။

(**မှတ်ချက်ကား**) ဤကဲ့သို့ သံသရာ၏ ကျယ်ဝန်းပုံ ထွက်နိုင်ရန် နည်းလမ်း ဥပနိသျကောင်းကို ရှာဖွေပြီး၊ ပညာစခန်း ဝိဿနာဘာဝနာ ရှုမှတ်မှသာလျှင် သံသရာ သုံးမျိုး အောက်သံသရာ အပါယ် လေးဘုံ အလယ် သံသရာ၊ လူ့ပြည်နှင့် နတ် ပြည်ခြောက်ထပ် အထက် သံသရာ ပုထုဇဉ်တို့၏ ဗြဟ္မာဘုံတို့မှ လွတ်ပေမည်ဟူ၍ သိပါလေ။

၁၈။ တိုက်ဘွန်းချက်....ဘဒ္ဒေကရတ္တသုတ်ပါဠိတော်.... အဇ္ဇေဝ ကိစ္စံ အာတပ္ပံ ကောဇညာ မရဏံ သုဝေန ဟိနောသင်္ကရန္တေန မဟာ သေနေန မစ္စုနာဟူ၍ ဟောကြားတော်မူ၏။

(**အနက်ကား**) အဇ္ဇေဝ ယနေ့သည်ပင်လျှင်၊ အာတပ္ပံ ပြုလုပ် အားထုတ်ဘွယ်ရာ ဖြစ်သော ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်း ဒါန သီလ ကောင်းမှု ကုသိုလ် အပေါင်းအစုကို ကိစ္စံ အမြန်ပြုလုပ်ကြရာ၏။ (ဝါ) ကိုယ်လုံး ပိန်ခြောက်-မီးတောက်ခမန်း ကြိုးပမ်းရာ၏။ သုဝေ -နက်ဖြန် သဘာက် တရက်ရက်၌။ မရဏံ သေရအံ့သော အဖြစ်ကို (ဝါ) သေရ မည်အဖြစ်ကို၊ကော-ရဟန်းရှင်လူ ဘယ်မင်း-ဘယ်သူဌေး-ဘယ်သမတ တို့သည်၊ ဇညာ-သိနိုင်မည်နည်း (ဝါ) သိဘို့ရာ ခဲယဉ်း၏။ မဟာသေ နေန၊ အတွင်းအပြင် စစ်သည် တပ်သား ကိုးဆယ်ခြောက်ဦး များလှ စွာသော ရန်သူတို့သည်၊ အမြဲတိုက်ခိုက် ညှဉ်းဆဲလျက်ရှိသဖြင့်၊ တေန မစ္စုနာ သေမင်းတည်းဟူသော ရန်သူနှင့်လဲ နော-သူငါအားလုံး သင်္ကရံ နေ့ရက် အချိန်လနှစ် အပိုင်းအခြား ချိန် ချက် သည် ရက်ကား၊ နမှိ အတ္တိ မရှိဖြစ်လေတော့၏။

(**အဓိပ္ပါယ်ကား**) ဤသို့သော ဒေသနာတော်အရ၊ ရဟန်းရှင်လူ မည်သူမဆို မင်းသော- စိုးသော- သူဌေးသော-ဘုရင်သော သေရမည့် နေ့ ရက်ကို မသိနိုင်၊ ခိုင်မြဲသည် မဟုတ်၍၊ ငါ၌ ယခုဘဝက စုတေမနေ၊ သေလွန်သည်ရှိသော် လူ-နတ်တို့အလွန့်ကြောက်ရွံ့နေသော အပါယ် လေးဘုံမှလွတ်ဘို့ရာ၊ ဒါန-သီလ-ဝိပဿနာဘာဝနာ အားကိုး အား

ထားရှိပါ၏လား။ မိမိကား သေရမည် ရက်ကို လဲမသိရ နက်ဖြန် သဘက်ကိုသေရမည် ဖြစ်ချေက၊ ဒါန - သီလ - ဘာဝနာ ဝိပဿနာ အားကိုး မရှိက၊ အပါယ်မှ လွတ်ဘို့ခဲယဉ်းစွတကားဟူ၍ သတိပြုပြီး နှောင့်နှေးကြန့်ကြာမရှိ သာသနာနှင့် ကြုံခိုက်အသော့ မြန်မြန်ကြိုးပြု လုပ်ရမည်ဟု သိရာ၏။

၁၉။ ယခုအခါ၌ ဝိပဿနာ ဘာဝနာ၏ ကိုယ်ကျင့် တရား၏ မူလလုပ်ငန်းနှင့် ဆိုင်ရာများနှင့် အသိသုံးမျိုးတွင် ကလေးသိ-သညာသိ ကိုထားပြီး ဝိညာဉ်သိမှ ပညာသိသို့ သိရှိရန် ညွှန်ပြပေအံ့ သတည်း။

(က) ဝိညာဉ်သိဆိုသည်မှာ သင်၍ သိကြား၍၊ သိ-နာ၍သိ၊ ဆောင်၍ သိကြံ သိ-မျိုးကို ဆိုပါသည်။ ပါဠိတော် သံယုတ် ပါဠိတော်မဟာဝဂ္ဂ သုတ် ၁၅၉-၌ ဟောကြားတော် မူ သည်မှာ ဗုဒ္ဓဘာဂေဒိသု သဗ္ဗေသု ဥဂ္ဂဟ ပရိပုစ္ဆသဝန ဓါရဏ သမ္မသန ပဋိဝေဝေါဟောတိ ဒွိသုသဝန ပဋိဝေ ဓေါယေဝ ဟူ၍။မိန့်ဆိုချက်အရ။

(**အနက်ကား**) ဗုဒ္ဓဘာဂေမဂ်၏ ရှေ့အဘို့၌ဖြစ်သော ဝိပဿနာအခိုက်အတန့်၌၊ ဒွိသုသဗ္ဗေသု နှစ်ပါးကုန်သော ဒုက္ခသစ္စာ သမုဒယသစ္စာတို့၌၊ ဥဂ္ဂဟ - သင်၍သိ၊ပရိပုစ္ဆ- မေး၍သိ၊ သဝန-နာ၍ သိ၊ ဓါရဏ - ဆောင်၍သိ၊ သမ္မ သန-ဆင်ချင်၍ ပဋိဝေဓေါ-ထိုးထွင်း၍ ကိုယ်တွေ့ သိသော အားဖြင့်၊ ခြောက်မျိုးသောအသိညာဏ်ဖြစ်ပေ၏။ ဒွိသု နှစ် ပါးကျန်သော မဂ္ဂသစ္စာနှင့် နိရောဓ သစ္စာတို့၌မူကား၊ သဝ နနာ၍သိ၊ ပဋိဝေဓေါယေဝထိုးထွင်း၍ ကိုယ်တွေ့ သိရခြင်း သည် သာလျှင်၊ ဝိပဿနာအသိသို့ ရောက်သည် ဟောတိ ဖြစ်၏။သို့ကြောင့် ဆင်ချင်သိ၊ဆောင်သိ၊ မေးသိ၊ ကြံသိနှင့် မပြီးကြောင်း သတိပြုရာ၏။

(ခ) စတုက နိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌လည်း....ပါဠိတော် သောပဒဟိ - ပဟိတတ္တော၊ ကာယေနစေဝ ပရမတ္ထံသစ္ဆိ

သန္တိ ကရောတိ ပညာယစ အတိ ဝိဇ္ဈ ပဿတိဟူ၍ဟော
တော်မူ၏။

**(အနက်ကား)** သော ထို ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်
သည်၊ပဟိတတ္တော နိဗ္ဗာန်သို့ အလိုရှိသည်ဖြစ်၍၊ ပဒဟတိ
မနေမနား သမ္မပ္ပဓာန် ဝီရိယ သုံးပါးတို့ဖြင့် အားထုတ်၏။
ကာယေနစေဝ-ကာယဒွါရ-ဝိထိကျ သဖြင့်လည်း၊ ပရမတ္ထ
သစ္စံ-ဥပါဒ် ဘင်- အားဖြင့် မျက်စေ့ တမှိတ်ခန့်၌၊ ကုဋေ
တသိန်းမျှသော နာမ်-တရားသည် လည်းကောင်း တစက္ကန့်
၌၊ ကုဋေ ငါးထောင်ကျော် မျှသော ရုပ်- တရားသည်
လည်းကောင်း၊ ဤ ရုပ်-နာမ်တရား ပရမတ်အစစ်ဖြစ်သော
သဘာဝ သဘောတရားကို သန္တိကရောတိ - ဝိထိကျ၍၊
သိနေ၏။ ပညာယစ-နောက်မှ ကျလာသော တဒနုဝတ္တက
မနောဒွါရ- ဝိထိ၌ ပါသော ဝိပဿနာ ပညာဖြင့်လဲ အတိ
ဝိဇ္ဈသင်၍သိ၊ နားထောင်သိ။ ကြံ၍သိ၊ ဆောင်၍သိ၊ မေး
၍သိ၊ အသိဘောင် ငါးမျိုးကို ကျော်လွန်၍၊ ထိုးထွင်းပြီး
သိတော့၏။

**(အဓိပ္ပါယ်ကား)** အဲဒါကြောင့် ဝိပဿနာ ယောဂီ
ပုဂ္ဂိုလ်သည်၊ စာတတ်၍လဲမသိနိုင် ကြံ၍လဲ မသိနိုင် ဝိဋ္ဌ
ကတ်သုံးပုံနိကာယ်ငါးရပ် ဆောင်လဲမသိနိုင် မေး၍လည်း
မသိနိုင်၊ စိန္တာမယဉာဏ်၊ ဝိညာဉ် သိသော အသိနှင့်
ဝိပဿနာမဖြစ်၊ ထိုးထွင်း၍ မိမိ၏ကာယ ကိုယ်ခန္ဓာ အ
တွင်း၌ တွေ့ထိသော ဥပါဒ်နှင့်ဘင်အစွန်းကို တွေ့ရှိ နေ
သောအသိကိုသာ ဝိပဿနာဖြစ်နိုင်ကြောင်းသိရာ၏။

၂၀။ ဝိပဿနာ ဆိုသည်မှာ ခန္ဓာငါးပါး၌ ရုပ် - ပရမတ်- စိတ်
စေတသိတ် ပရမတ်ကို လက္ခဏာရေး သုံးပါးဖြင့် သုံးသတ် ရှုမှတ် ပွား
များ ရသောကြောင့် ဝိပဿနာ ဆိုသည်ကား သိရန် ပြဆို ရတော့၏။

(က) သို့ကြောင့် စာမျက်နှာ (၄) အပိုဒ် (၁) ၌
ဝိပဿနာအကြောင်း အပိုဒ် (၈) ၌ ဝိပဿနာအကြောင်း

စာမျက်နှာ (၅) အမှတ် (၄) ၌ ရုပ်ဟူ၍ ဘော်ပြခြင်းစာမျက်နှာ (၆) သံယုတ်ပါဠိတော် စာမျက်နှာ (၇) စာမျက်နှာ (၃) အပိုဒ် (၃) မဟာဋီကာမှ လာသော ပါဠိတော်ပြခဲ့ပြီး ဖြစ်၍ ယခုကား ဝိပဿနာယာနိက - ယောဂီပုဂ္ဂိုလ်သည် ရုပ်- နာမ်နှစ်ပါးကို သုံးသပ် ရှုမှတ်ပွါးများရာ အချက်များ ပြဆိုပေအံ့....။

၂၁။ ပရမတ္ထဒီပနီ ကမ္မဋ္ဌာန်းမိုင်းမှ လာသော ပါဠိတော် ဝိသေသတောပန-ဣမသ္မိံ ဉာနေ-အနိစ္စလက္ခဏာ-ဒဿနမေဝ- ပဓါနံ- တသ္မိံ ဒိဋ္ဌေယေဝ-ဣတရာနိ-ကာမေန-ဒိဋ္ဌာနိ ဟောတိ....

**(အနက်ကား)** ဝိသေသတောပန အထူးအားဖြင့်ကား ဣမသ္မိံ ဉာနေ၌ဝိပဿနယောဂီပုဂ္ဂိုလ်၏ ဉာဏ်ပညာအရာ၌ အနိစ္စလက္ခဏာဒဿနမေဝ-အနိစ္စလက္ခဏာ၏ သဘောကိုမြင်ခြင်း သည်သာလျှင် ပဋ္ဌာနံ လိုရင်းဖြစ်သော ပဋ္ဌာနသဘောသည် ဟောတိဖြစ်၏ တသ္မိံ ထိုအနိစ္စလက္ခဏာ၏ သဘောကို ဒိဋ္ဌေယေဝ မိမိကိုယ်တွေ့ မြင်အပ်သည်သာလျှင်တည်း ဣတနိ တခြားသော ဒုက္ခနှင့် အနတ္တလက္ခဏာတို့ကို ကာမေန အစဉ်အတိုင်း ဒိဋ္ဌာနိ မြင်နိုင်သည် မြင်ရသည် ဟောတိ ဖြစ်၏။

**(အဓိပ္ပာယ်ကား)** ဝိပဿနာယောဂီပုဂ္ဂိုလ်သည့်ရုပ်-နာမ်နှစ်ပါးကိုရှုမှတ်ပွါးများရာ၌ ဖြစ်ပေါ်မှု ဥပါဒ်အစ ချုပ်ဆုံးပျောက်ကွယ်မှု ဘင်အစွန်းကို မိမိကိုယ်တွင်း၌ ဖြစ်မှု ခယ ပျက်မှု ဝယ အနိစ္စသဘော၏ လက္ခဏ်ကို ရှေးဦးစွာသိရှိပါက ကျန်ဒုက္ခ၏ လက္ခဏာ အနတ္တ၏ လက္ခဏ်တို့ကို အစဉ်အတိုင်းသိနိုင်ရာ၏ သို့ကြောင့် နဝင်္ဂုတ္တရ ပါဠိတော်သမ္ဗောဓိဝဂ်-မေဃိသုတ်တော်၌ (ပါဠိတော်) အနိစ္စယညိနော - မေဃိယ- အနတ္တသညာသဏ္ဌာတိ-အနိစ္စသညိနောရမေဃိယ ဒုက္ခသညာ သဏ္ဌာတံ ဟူ၍ဟောကြား ဆုမ္မတော်မူပေသည်။

**(အနက်ကား)** မေဃိယ- မေဃိယရဟန်း သင်သည် အနိစ္စလက္ခဏာ၏ သဘောကို ပိုင်ပိုင်ကိုယ်တွေ့ ဉာဏ်ဝ၌ ထင်မှု အနတ္တ ဘာဝ

နာဝိပဿနာကို အလိုလို ထင်ပေမည်၊ မေဃိယ-မေဃိယရဟန်း သင်သည် အနိစ္စ လက္ခဏာ၏ သဘောကို ပိုင်ပိုင် ကိုယ်တွေ့၌ ဉာဏ်ဝမှာ ထင်မြင်လာလျှင် ဒုက္ခ၏ လက္ခဏာဝိပဿနာ ဘာဝနာကိုအလိုလိုထင်လာပေမည်ဟု ဆုမ္မတော်မူ၏။

(**အမိပ္ပါယ်ကား**) ဝိပဿနာယောဂီပုဂ္ဂိုလ်သည် ရုပ်-နာမ် နှစ်ပါးအပေါ်၌ လက္ခဏာရေးသုံးပါးကို သုံးသတ်ရာ ရှေးဦးအနိစ္စလက္ခဏာ အနိစ္စ၏ အချက် ဥပါဒ်နှင့် ဘင်အစွန်းကို မိမိ၏ ခန္ဓာကိုယ်၌ တွေ့ရသည်အတိုင်း ပညာသိ-သိပါမူ ဒုက္ခလက္ခဏာနှင့် အနတ္တလက္ခဏာ ဘာဝနာကို သိနိုင်သည်ဟူ၍ မှတ်ရပါမည်။

၂၂။ မဟာဋီကာမှလာသော ပါဠိတော်မှာကား .... ပါဠိတော်-အနိစ္စာဒိမနသိကာရ ဝိနိမုတ္တော-အညော-ဝိပဿနာ - မနသိကာရော နတ္ထိ ဟူ၍ မိန့်ဆိုတော်မူ၏။

(**အနက်ကား**) အနိစ္စာဒိမနသိကာရ-ဝိနိမုတ္တော- အနိစ္စဖြစ်သော လက္ခဏာဥပါဒ်နှင့် ဘင်အစွန်းကို မိမိကိုယ်တွေ့နှလုံးသွင်းခြင်း ပညာဖြင့်မြင်ခြင်း ကင်းလွတ်သော အညောတပါးသော ဝိပဿနာ မနသိကာရော ဝိပဿနာ ဟူ၍ နှလုံးသွင်းခြင်းရှုမှတ်ခြင်း နတ္ထိမှုရှိချေ.... ဟူ၍မိန့်ဆို၏။

(**အမိပ္ပာယ်ကား**) ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ရှုမှတ်ပွါးများရုပ်-နာမ်တရားနှစ်ပါး၌ ဥပါဒ်အစ ဖြစ်ပေါ်မှု ဘင်အစွန်း ချုပ်ပျောက်မှုသည် မိမိခန္ဓာကိုယ်တွင်း၌ မတွေ့ရှိမှသာလျှင် ဝိပဿနာဖြစ်မည် ခန္ဓာကိုယ်၌ ဥပါဒ်အစဖြစ်မှု ဘင်အစွန်းချုပ်ပျောက်မှုတို့ကို မိမိကိုယ်မရှုမှတ်ရဘဲ ဝိပဿနာ မဖြစ်နိုင်ဟူ၍ မှတ်ယူရမည်။

၂၃။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာသော ပါဠိတော်မှာကား....
(ပါဠိတော်) ဇာတိ- တတ္တတတ္ထ- ဥပ္ပန္နာ- ဇာတရိတရံကောဋ္ဌာသံ- အပတ္တာ-တတ္ထတတ္ထေ- ပဇ္ဇ ပဇ္ဇ- သန္ဓိသန္ဓိ- ဩဓိဩဓိ - ဟုတွာ- တတ္ထပါ

ကာလေ- ပကိဏ္ဏတိလာဝိယ- တဋတဋာယန္တာ- သင်္ခါရာဘဇ္ဇန္တိ-တသ္မာ အနိစ္စာ- ဒုက္ခာ- အနတ္တာ- ဟူ၍ဟောကြားတော်မူပေ၏။

**(အနက်ကား)** ဣတိ ဤသို့ တတ္ထတတ္ထ ထိုထို သို့သော ရုပ်နာမ်တရားနှစ်ပါးတို့သည် ဖြစ်ပေါ်ရာဌာနတို့၌ ဥပ္ပန္နာဖြစ်၍ ဖြစ်၍လာကြကုန်သော သင်္ခါရ ကံ-စိတ် ဥတု အာဟာရအကြောင်းတရားလေးပါးဖြစ်ကြကုန်သောသင်္ခါရတို့သည် ဣတရိတရံကောဌာသံ ဤမှတပါးသောနေရာအဘို့ အစုသို့ အပတ္တာ မရွေ့မရောက်မူ၍ တတ္ထတတ္ထာ ထိုထိုဖြစ်ပေါ်သောနေရာတို့၌သာလျှင် ပဗ္ဗံပဗ္ဗံ အဆစ်အဆစ် သန္ဓိသန္ဓိ အစပ်အစပ် ဩဓိဩဓိ အပိုင်းအပိုင်းပြတ်၍ ဟုတွာ ဖြစ်ကြကုန်လျက် ဘဇ္ဇန္တိ ပျက်စီး ချုပ်ပျောက်ကြကုန်၏ ကိမိဝ-ဥပမာ ပြဆိုသည်ရှိသော် အဘယ်သို့နည်း ဟူမူကား- တတ္တကပါလေ - လောလော ပူသော အိုးကင်းထဲ၌ ပကိဏ္ဏတိလာထဲ့၍ လှော်အပ်သော နှမ်းတို့သည် တဋတဋာယန္တာ ဖျစ်ဖျစ် ဖျစ်ဖျစ် မည်ကုန်လျက် ဘဇ္ဇန္တိဖြစ်၍ ပျက်၍ ဖြစ်ပျက်၍ မနှစ်သက်စရာ ပျက်စီးရကုန်ဘိသကဲ့သို့ ဧဝံတထာ ဤဥပမာနည်းတူသာလျှင် သင်္ခါရာ ရုပ်-နာမ်နှစ်ဝ သင်္ခါရတရားတို့သည်လဲ သဇ္ဇန္တိဖြစ်ပျက် ဖြစ်ပျက် မနှစ်သက်စရာ ပျက်စီးရကြကုန်၏ တသ္မာထိုသို့ ဖြစ်ပျက်လျက် မမြဲလေသောကြောင့် အနိစ္စမမြဲခြင်း လက္ခဏာသာရှိကုန်၏ဒုက္ခနှစ်သက်သာယာဘွယ်မရှိ ဘေးဟုမြင်သောကြောင့် ဒုက္ခ ဆင်းရဲရလေကုန်၏ အတ္တ သဘာဝ သဘောအလျောက်ဖြစ်မှု ပျက်မှုကိုကား ဆီးမရအလိုသို့မလိုက်အကြို့က်သို့မပါသောကြောင့် အတ္တ အစိုးမရ အဂ္ဂိသို့မလိုက်ဖြစ်တော့၏။

**(အဓိပ္ပာယ်ကား)** သို့ကြောင့် ဝိပဿနာဘာဝနာကိုအား ထုတ်ရှုမှတ်သော ပွားများကြသော ယောဂီ ပုဂ္ဂိုလ်တို့သည် မိမိ၏ခန္ဓာကိုယ်အတွင်း ရုပ်-နာမ်နှစ်ပါးသည်နှမ်းလှော်ဘိသကဲ့သို့ရေပွက်ဆူဘိသကဲ့သို့ မိုးပေါက်ကျဘိသကဲ့သို့ လည်းကောင်း လင်မနှစ် ပုလင်း ဖွင့်ဘိကဲ့သို့ လည်းကောင်း ဆက်ခါ-ဆက်ခါ ဖြစ်ပေါ် ချုပ်ပျောက်မှု ဥပါဒ်နှင့် ဘင်အစွန်းတို့ကို မိမိဉာဏ်ဝ၌ ထင်မှသာလျှင် လက္ခဏာရေးသုံးပါး အနိစ္စ

ဒုက္ခ- အနတ္တတို့ကို ရှုမှတ်ပွါးများနိုင်သည်ဟု မှတ်ယူရာ၏ သို့ကြောင့် ဝိပဿနာ ဘာဝနာ အလုပ်ကို နှုတ်နှင့်ပြောပြဘို့လဲ မလွယ်ကူပါ စာနှင့် ရေးပြပါသော် မိမိကိုယ်တိုင်က ယထာဘူတ ကျနမှန်ကန်စွာ အလုပ်ကျင့်နည်း နားမလည်က မဖြစ်နိုင်ကြောင်းကို ဘုရား ခုနစ်ဆူတွင် ပိဋကတ်သုံးပုံကို အာဂုံဆောင်သော ပေါဋ္ဌိလမထေရ်ကြီး အလုပ်နားလည်သူ ရှင်သူငယ်မှာ နည်းယူရပါသည် အရှင်နာဂမထေရ်မှာ တပည့် ၃ သောင်းကျော် ရဟန္တာဖြစ်ပါလျက် ဆရာမှာ လောကီဈာန်မျှသာရ၍ တပည့်မွှေက မထေရ်မှာ တောင်းပန်နည်းရပါသည် အရှင်မဟာ သိဝမထေရ်မှာ (၁၈) ဂိုဏ်း၏ ဆရာတော်ကြီးတပည့် (၆) သောင်းတို့မှာ ရဟန္တာဖြစ်ကြ၍ ငယ်ကျေးဇူး သိကြသူ ရဟန္တာများက သတိပေးရာ ဆရာမဟာသိဝမထေရ်ကြီးက သင်တို့ရဟန္တာကား ငါ့မှာ သင်ယူသော ပညာနှင့် ရကြ၍ ငါ့ကျင့်လျှင် နှစ်ရက်နှင့် တမွန်းတည့်မှာ ရမည်ဟု ကြိမ်းဝါး၍ တရားအားထုတ် အစရှာမတွေ့ ပိဋကတ်သုံးပုံလုံးကိုအခေါက်ခေါက် ပြန်ပြန် ရွတ်ဘတ်ရှာဖွေသော်လည်း တရားကျင့်နည်း အစမရသည်နှင့် ရှက်ပြီး တောတွင်းနေရာ နှစ်ပေါင်း (၃၀) ကြာက ဝိုရသေးသည်။ သို့ကြောင့် ဝိပဿနာ ကျင့်နည်းစည်းကမ်းကားစာရတိုင်း ရေးပြ၍ မဖြစ်နိုင် မိမိကိုယ်တွေ့တရားစစ် တရားမှန်တွေ့ပြန်ကလည်း ကျင့်နည်းအလုပ်ကို ကျမ်းဂန်နှင့် ရေးသားဘော်ပြရန် ပရိယတ်ကိုမသင်ကြားဘူးက လူအလိုဖြစ်နေမည်အတွက် ထိ-မိ အကွက်ကျကျ မိမိသိရတွေ့ရသည်အတိုင်း ရုပ်-နာမ်ဖြစ်မှု ပျက်မှုကို ကျမ်းဂန်၌ ညွှန်ပြရေးပြခြင်းကား အလွန့်အလွန် အရေးကြီးကြောင်းကိုသိစေရန်ဘော်ပြလိုက်သည်။

၂၄။ ဇာတိဝုတ်ပါဠိတော်....ဓမ္မံဟိသော - ဘိက္ခဝေ န ပဿတိ ဓမ္မံအ ဿန္တော-မံပဿတိ- ဓမ္မံဟိသော- ဘိက္ခဝေ-ဘိက္ခုပဿတိ ဓမ္မံပဿန္တော မံပဿတိ ဟူ၍ဟောကြားတော်မူပေသည်။

(**အနက်ကား**) ဟိ—ထိုငါဘုရား၏ သက်နိုးဆွဲကိုင်၍ ဘဝါးခြေထပ်မပြတ် အစဉ်လိုက်ပါလျက် ငါဘုရားနှင့် စကြာဝဠာတပါးခြားသည့်

ပမာဝေးကွာလှ၏ ဆိုတော်မူသော စကားသည် မှန်လှပေ၏ ဘိက္ခုဝေ ရဟန်းတို့သောဘိက္ခု ထိုရဟန်းသည် ဓမ္မံသစ္စာလေးပါးမြတ်တရားကိုနပဿတိ မသိမမြင် ဓမ္မံသစ္စာလေးပါး မြတ်တရားကို အပဿန္တော မသိမမြင်သော ရဟန်းသည် မံငါဘုရားကို နပဿတိ မမြင်ချေ မဖူးမြင်ရခြေ ဟိ-ထိုငါဘုရားနှင့် စကြာဝဠာတပါးကွာခြား၍ နေငြားသော်လည်း ငါဘုရား၏ ဒူးတော်ကို ဖက်၍နေသည်နှင့်တူ၏ ဟု ဆိုတော်မူသောစကားသည် မှန်၏ ဘိက္ခုဝေ-ရဟန်းတို့သော ဘိက္ခု ထိုရဟန်းသည် ဓမ္မံသစ္စာလေးပါး ပဿတိ သိမြင်၏ ဓမ္မံ-သစ္စာလေးပါး မြတ်တရားကို ပဿန္တောသိမြင်သော ရဟန်းသည် မံငါဘုရားကို ပဿတိ ဖူးမြင်ရ၏။

**(အဓိပ္ပာယ်ကား)** ရုပ်နာမ်သဘာဝ အနိစ္စ‌ခေတ်ပရမတ်သစ္စာသိရှိသော လူ-ရှင်ပုဂ္ဂိုလ်မရွေး ယောဂီမှန်သမျှမှာ၍သာသနာတွင် ဘုရားရှင်၏ ရွှေရင်တော်နှစ်သားတော်သမီးတော်အစစ် ဖြစ်ကြသည်နှင့် လျော်ညီစွာ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အစရှိကုန်သော အရိယာများနှင့် ဘုရားရှင်ကို ဖူးမြင်ရသည်မည်၏ ဤသို့တရားကို သိမြင်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့ကား ရှင်ဂေါတမ ဘုရားတဆူကိုသာမဟုတ် ဂင်္ဂါဝါဠူသဲစုမကဖြစ် ပွင့်တော်မူကြသော ဘုရားရှင်များကိုလည်း ဖူးမြင်ရသည်ဖြစ်၏ ဥပမာဆိုသည်ရှိသော် ဤဇမ္ဗူဒိပါ ကျွန်းမြေအပြင်မှာရှိကြကုန်သော ရဟန်းရှင် လူဟူသမျှသည် (လ) မင်းကွင် အမြင်အာရုံတူကြသည်နည်းတူ သတ္တလောက တည်ထောင်သည်မှ စ၍ အဆင့်ဆင့် ပြစ်ပွင့်သမျှသော ဘုရားရှင်တို့နှင့် တကွသာဝက အရိယာအရှင်တို့မှာ သစ္စာရေးရပ် ပရမတ်အာရုံ ဆုံကြပေသည် ဤပညန္တေအရာ အရိယာသစ္စာ သာသနာတွင် ပုထုဇဉ်တို့ကား မိမိ မျက်စေ့ကို မိမိ မမြင်သကဲ့သို့ရှိနေကြ၏ မှန်နှင့်ကြည့်လျှင်မြင်ပါ၏ ဆိုစရာရှိလည်း မျက်စေ့မရှိသော သူကား မှန်ချပ်တရာတထောင် ဝဲ-ယာရှေ့နောက်ကာ၍ ပြပါသော်လည်း မမြင်ရဘိသကဲ့သို့ ထိုနည်းတူစွာ ထာဝရ ထာဝစဉ် မိမိတို့ပင် ကိုယ်ထင်၍ ကိုယ်ဟူ၍ လုပ်နေကြသော ဒုက္ခသစ္စာ-သာသနာသမ္မာဒိဋ္ဌိ တရားရှိ တရားသိမြင်လျှင် ဘုရားရှင်၏ ဂုဏ်ထူးကို ပညာ

သိ-ပညာမြင်နှင့် ပြောင်ပြောင်ကြီး သဘာဝထူးကို စူးစူးရှရှ ဖူးမြင်ကြပေတော့၏။

ဤသည်ကား ဝိပဿနာဘာဝနာတရားကိုကျင့်သုံးပွါးများရန် နည်းဥပဒေ ကျမ်းဂန်အကိုးအကားများကို ရေးသားခြင်းဖြစ်သော.... ပဌမပိုင်းမျှသာ ဖြစ်ပေ၏ နောက်ဆက်လက်၍ တရားအားထုတ်နည်း ရုပ်နာမ်ရှာနည်းနှင့် ဗုဒ္ဓ-ပုဗ္ဗကိစ္စများနှင့် တကွ တရားအားထုတ်ပွါးများမှတ်ရှုရာ မိမိ၏ စိတ်ဖြစ်ဥ္စပုံ စိတ်ပြောင်းသဘောပြောင်းပုံ ခဏတ်ပျက်ကလာပ်ပျက်သဘာဝနှင့် ဋ္ဌာန ဉာဏ်တို့ကို မိမိ၏ ဉာဏ်ဝတွင် ထင်ပုံများကို ဒုတိယတွဲ၌ တွေ့ရပါမည်။

--------

၂၇၆၂၆

# နိဂုံးချုပ်

ပုညေနေတေန - နိဗ္ဗာနံ - လဒ္ဓါသန္တိဋ္ဌိကံဇ္ဈ၀
မရမတ္တံ အာရာဓေန္တု ဇနာသဗ္ဗေပိသုဗ္ဗတာ။

**(အနက်ကား)** ဧတေန ပုညေန - ၀ိပဿနာတရား အခြေခံကို ရေးသားပြုစုရသော ဤကောင်းမှုကြောင့် ဇ္ဈ၀ - ယခုပစ္စက္ခ မျက်မှောက် ဒိဋ္ဌ ဤဘ၀၌ သန္ဒိဋ္ဌိကံ ကိုယ်တွေ့ မျက်မြင် ထင်ထင် လျှားလျှားကြီးရှိနေသော နိဗ္ဗာနံ ဒုက္ခချုပ်သိမ်းတို့၏ ကင်းငြိမ်းခြင်းဟူသော သန္ဒိဋ္ဌိက နိဗ္ဗာန်ကို လဒ္ဓါယခုဘ၀ ကိုယ်တွေ့ ဒိဋ္ဌရကြကုန်၍ သုဗ္ဗတာ စင်ကြယ်ကောင်းမြတ် ချီးမြှင့်အပ်သော ၀ိပဿနာတရားတော်ကို မနေမနားအားထုတ်ကြကုန်၍ သဗ္ဗေပိ အလုံးစုံလည်း ဖြစ်ထသော ဇနာ-လူ-နတ်ဗြဟ္မာသတ္တ၀ါတို့သည် ဇ္ဈ၀ေ ဤပစ္စက္ခ ခု ဘ၀ ၀ယ် ဂေါတမန္ဒယ်ဘွားရှင်တော်ဘုရား လက်ထက်အာဏာစက်၌ပင်လျှင် ပရမတ္တံ အထွဋ်အမြတ်ဆတ်ဆတ်ကြီး ပရမတ်ဖြစ်သော နိဗ္ဗာနံ နိဗ္ဗာန်ကို အာရာဓေန္တု အလိုပြည့်၍ ကိုယ်တွေ့ဥာဏ်မြင် အစင်ပေါက်ရောက်ပြီး မြောက်ခံစံကြပါစေကုန်သတည်း ၀ါအလိုအတိုင်း ပြည့်၍ ကိုယ်တွေ့ဥာဏ်မြင် မွေးသန့်စင်လျက်ကြည်လင်ချပ်သိမ်း ငြိမ်းကြီးငြိမ်းကြပါစေကုန်သတည်း။

**၀ိပဿနာအခြေပြ-ပဌမတွဲပြီး၏**

**ဓမ္မ၀ါဒီဝေ**

[redacted]
ဦးဝင်းဖေ၊ ပုံနှိပ်သူမှတ်ပုံတင်အမှတ်(၀၀၉၈)။ ထုတ်ဝေသူမှတ်ပုံတင်အမှတ်
(၀၆၉၈) အမှတ် ၁၂၇၊ လွှတ်လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်ထုတ်ဝေသည်။